မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ



# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၈၄)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်မြတ် အလှူခံရရှိတော်မူသော ဘဒ္ဒန္တသေဋ္ဌညာဏာလင်္ကာရဆရာတော်ထံသို့ ပေးပို့ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

စာ - ၅ သို့

# တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိတော်မူသောဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ (၁၇)ပါးမြောက် ဘွဲ့တံဆိပ်တော်မြတ်ရရှိတော်မူသည့် ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊

**စာမျက်နှာ ၂ ကော်လံ ၃** ❖



တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော် ဘဒ္ဒန္တသေဋ္ဌညာဏာလင်္ကာရထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဆက်ကပ်စဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်)

# ပညာရေးသည်နိုင်ငံတော်၏အနာဂတ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို စတင်တာဝန်ယူထမ်းဆောင်ချိန်မှစ၍ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ကာ နိုင်ငံတော်ကိုဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏အနာဂတ်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ပညာတတ်နိုင်ငံသားအများဆုံးရှိနေသည့်နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးများအဖြစ်ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်သည်။ ပညာတတ်နိုင်ငံသားများဆိုသည်မှာ အရည်အချင်းကိုဆိုလိုပြီး အများဆုံးရှိသည်မှာအရေအတွက်ကိုဆိုလိုခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ထို့ကဲ့သို့အရည်အချင်းရှိသူ အရေအတွက်များပြားစွာရှိသည့်နိုင်ငံဖြစ်လာစေရန် လိုအပ်ပေသည်။

ထို့ကြောင့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပညာရေးကဏ္ဍနှင့်ကျန်းမာရေးကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်လျက်ရှိသည်။ ထို့အတူ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များသည် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင်ရှိသည့်ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်ပညာရပ်များကို အဆင်ပြေပြေသင်ယူလေ့လာနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်တစ်ခုစီတွင် အနည်းဆုံး တက္ကသိုလ်တစ်ခုတည်ထောင်ဖွင့်လှစ်ပေးထားသည်။

ကယားပြည်နယ်သည် အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်ပြည်နယ်တစ်ခုဖြစ်သည်။ ပြည်နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအဆင့်မြင့်ပညာရပ်များကို သင်ယူလေ့လာနိုင်ရန်အတွက် လွိုင်ကော်မြို့တွင် လွိုင်ကော်တက္ကသိုလ်ကို ခံ့ညားထည်ဝါစွာ ဖွင့်လှစ်ပေးထားသည်။ သို့သော် KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အဆိုပါပြည်နယ်ရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝပျက်စီးရေးကိုဦးတည်ကာ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာအဆောက်အအုံများကို အကာအကွယ်ယူ၍အဖျက်အမှောင့်လုပ်ရပ်များစွာ လုပ်ဆောင်ခဲ့ကြသည်။ အထူးသဖြင့် စစ်ရေးနှင့်မည်သို့မျှမသက်ဆိုင်သည့် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်တိုက်ခိုက်ပြီး ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်ကာ လူသားတံတိုင်းအနေဖြင့် အကာအကွယ်ပြုတိုက်ခိုက်ခြင်း၊ နိုင်ငံအတွက်အရေးကြီးသည့် ပညာရေးဆိုင်ရာအဆောက်အအုံများကိုဖျက်ဆီးခြင်း စသည်ဖြင့်အသိဉာဏ်ကင်းမဲ့သည့် လူမဆန်သောလုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူတို့၏ ထိုသို့သောလုပ်ရပ်သည် တိုင်းပြည်၏အနာဂတ်၊ လူငယ်တို့၏အနာဂတ်ကို ဖျက်ဆီးနေခြင်းပင်ဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ်၊ ၂၆၀၁ (၂၀၂၁) တွင် "ကလေးများ၊ ကျောင်းများနှင့် ဆရာများကို မတိုက်ခိုက်ရန်၊ လက်နက်ကိုင်ပဋိပက္ခအတွင်းတွင် ပညာသင်ကြားခွင့်ကိုအကာအကွယ်ပေးရန်၊ ကျောင်းများသည် ပညာရေးအတွက် လုံခြုံစိတ်ချရသည့်နေရာဖြစ်ရန်၊ ကျောင်းများသည် အရပ်ဘက်စရိုက်လက္ခဏာရှိသည်ဖြစ်၍ လေးစားကာကွယ်ရန်၊ လက်နက်ကိုင်ပဋိပက္ခဖြစ်နေပါကလည်း ပညာသင်ကြားခွင့်ကို လွယ်ကူချောမွေ့စွာဆက်လက်ရရှိရန်" ဆိုသည့်အချက်များပါရှိသည်။

ယခုအခါ ကယားပြည်နယ် လွိုင်ကော်ဒေသသည် နိုင်ငံတော်အစိုးရနှင့်တပ်မတော်တို့၏ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သည်။ အချိန်အတိုင်းအတာတစ်ခုအထိ ဘေးလွတ်ရာသို့ရှောင်ရှားခဲ့ရသော ဒေသခံတိုင်းရင်းသားပြည်သူများသည်လည်း ၎င်းတို့၏နေအိမ်များဆီသို့ အဆက်မပြတ်ပြန်လည်ဝင်ရောက်နေထိုင်နိုင်နေကြပြီဖြစ်သည်။ လိုအပ်သည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသခံများ၏ ပညာသင်ယူမှုအခွင့်အလမ်းများမဆုံးရှုံးစေရေးအတွက် လွိုင်ကော်တက္ကသိုလ်ကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားပေးနိုင်ရေး အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်လမ်းညွှန်ထားသည်။

နိုင်ငံတော်၏အနာဂတ်ကို ပညာနှင့်သာတည်ဆောက်ရမည်ဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များမွေးထုတ်နိုင်ရန်၊ ကျောင်းသား၊ ကျောင်းသူများတက္ကသိုလ်ပညာရပ်များကို စဉ်ဆက်မပြတ်ဆည်းပူးလေ့လာနိုင်ရန် လွိုင်ကော်တက္ကသိုလ်ကို ပြန်လည်ပြင်ဆင်လျက်ရှိပြီး မကြာမီဖွင့်လှစ်သွားမည်ဖြစ်သည်။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှစ၍ လွိုင်ကော်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့်အစိုးရစက်မှုလက်မှုသိပ္ပံတို့ကို ပြန်လည်ဖွင့်လှစ်ပေးပြီး ကျောင်းသား၊ ကျောင်းသူများ၏ စဉ်ဆက်မပြတ် ပညာသင်ယူမှုအခွင့်အရေးမဆုံးရှုံးစေရန် ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိတို့ဒေသတွင် အကြမ်းဖက်အဖျက်သမားများကင်းစင်စေရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်သည်။ သို့မှသာ ပညာရေးသည် နိုင်ငံတော်၏အနာဂတ်အဖြစ် ထင်ရှားစွာပေါ်ထွန်းလာမည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

❖ ရှေ့ဖုံးမှအဆက်

တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ဖတ်ကြားလျှောက်ထားပြီး တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသေဋ္ဌဉာဏာလင်္ကာရထံ ဆက်ကပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူတော်ငွေများကို ဆရာတော်ထံဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# သဇင်(FM)အသံလွှင့်အစီအစဉ်

၂၇-၁-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက်သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရေး ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို အားထားစိုက်ပျိုးလျက်ရှိ



ပွင့်ဖြူ ဇန်နဝါရီ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ဒေသခံတောင်သူများက စိုက်ပျိုးရေ အဆင်ပြေမှုကြောင့် သီးနှံဝင်ငွေတိုးပွားရေးအတွက် မြေအောက်ရေဖြင့် ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို အားထားစိုက်ပျိုးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦး၏ပြောပြချက်အရ သိရသည်။

"ဒေသခံတောင်သူတွေက စိုက်ပျိုးရေ အဆင်ပြေတဲ့အတွက် ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြပါတယ်။ ဒီဒေသမှာ အများဆုံးစိုက်ပျိုးတဲ့ ငှက်ပျောကတော့ ဖီးကြမ်းငှက်ပျောဖြစ်ပါတယ်။ ဖီးကြမ်းငှက်ပျောက လူကြိုက်များပြီး ဈေးပိုရတဲ့အတွက် တောင်သူအများစု အားထားစိုက်ပျိုးကြပါတယ်။ ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းက စိုက်ပျိုးရေအဆင်ပြေတော့ အောင်မြင်ဖြစ်ထွန်းမှုလည်းရှိတယ်။ တချို့တောင်သူတွေဆိုရင် ငှက်ပျောကို စီးပွားဖြစ် ဧကအများကြီးစိုက်ပြီး ငှက်ပျောပျိုးပင်တွေကိုပါ ရောင်းချကြတယ်။ ငှက်ပျောက စနစ်တကျစိုက်ပျိုးရင် နှစ်သီးစားဝင်ငွေရလို့ စိုက်ပျိုးလုပ်ကိုင်သင့်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာမှ ငှက်ပျောစိုက်တောင်သူ ဦးကျော်ဆန်းကပြောသည်။

ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းသည် သားတက်ဖြင့် မျိုးပွားခြင်း၊ အပင်တစ်သျှူးမျိုးပွားခြင်း နည်းလမ်းများဖြင့် မျိုးပွား၍ စိုက်ပျိုးနိုင်ပြီး သားတက်တွင် လုံစို့သားတက်နှင့် ရေစို့သားတက်ဟူ၍ရှိကာ လုံစို့သားတက်သည် ပင်ခြေပိုင်းတွင် ကောင်းစွာကြီးထွားဖွံ့ဖြိုးပြီး အစောပိုင်းကာလတွင် အရွက်မှာ လုံသွားပုံသေးရှည်သော ရွက်ပြားပါရှိသည်။ မြေကျင်းအတွင်း မစိုက်ပျိုးမီ သားတက်ကို (၃၊ ၄ ) ရက်ခန့် အရိပ်အောက်တွင် အခြောက်ခံထားပြီး စိုက်ပျိုးချိန်တွင် အပင်ခြေမှ ၂ ပေခန့်ချန်ကာ သားတက်မပုပ်စေရန် ပိုတက်စီယမ်ပါမင်းဂနိတ် ရောနှောထားသော ရေတွင် စိမ်ပြီးမှ စိုက်ပျိုးသင့်သည်။ ထို့အပြင် ငှက်ပျောစိုက်ပျိုးမည့်မြေကိုလည်း မစိုက်ပျိုးမီ နှစ်လကြိုတင်၍ စိုက်ပျိုးမည့်ကျင်းအတွင်း စပါးခွံ၊ မြေဆွေး၊ သစ်ရွက်ဆွေး၊ နွားချေး စသည်တို့ကို မြေသားနှင့် ရောနှော၍ ထည့်ပေးထားရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မိသားစုဝင်ငွေတိုးပွားစေရေးအတွက် လယ်ယာလုပ်ငန်းနှင့် တွဲဖက်ကာ ဖီးကြမ်းငှက်ပျော၊ ရခိုင်ငှက်ပျော၊ ငှက်ပျောချဉ်၊ သီးမွှေးငှက်ပျော စသည့် ငှက်ပျောများကို တစ်နှစ်ပတ်လုံး စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် ငှက်ပျောဈေးကွက် ပြန်လည်ကောင်းမွန်လာသဖြင့် သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ တောင်သူများကလည်း ရေမြေရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံများကို ဒေသဈေးကွက်တွင် တင်ပို့ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ရန်ကုန်မြို့၌ သွေးချင်းစုံလင် သနပ်ခါးသဘင် သရုပ်ဖော်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

သနပ်ခါးလိမ်းခြယ်သည့် ဓလေ့ကို ယူနက်စကိုသို့တင်သွင်းရန် အထောက်အပံ့တစ်ခုဖြစ်သည့်လှုပ်ရှားမှုတစ်ခုဖြစ်သော သွေးချင်းစုံလင် သနပ်ခါးသဘင် သရုပ်ဖော်ပြိုင်ပွဲကို ရန်ကုန်မြို့၌ ဖေဖော်ဝါရီလ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

မြန်မာ့သနပ်ခါးလိမ်းခြယ်သည့်ဓလေ့ကို ယခုနှစ်မတ်လအတွင်း ယူနက်စကိုသို့ တင်သွင်းနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနမှဆောင်ရွက်နေသကဲ့သို့ လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အနေဖြင့်လည်း ပြိုင်ပွဲများကျင်းပခြင်းအပြင် လိုအပ်သည်များဆောင်ရွက်နေကြောင်း သိရသည်။

"သနပ်ခါးလိမ်းခြယ်တဲ့ဓလေ့ကို ယူနက်စကိုတင်သွင်းတဲ့အခါ တိုင်းရင်းသားအသီးသီး၊ ကဏ္ဍအသီးသီး၊ အရွယ်မရွေး သနပ်ခါးလိမ်းတယ်ဆိုတာကို ဖော်ထုတ်ဖို့ သရုပ်ဖော်ပြိုင်ပွဲကို ကျင်းပမှာပါ " ဟု မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်ကပြောသည်။

ပြိုင်ပွဲဝင်များအနေဖြင့် သနပ်ခါးနှင့် ပတ်သက်သည့် ကျန်းမာရေး၊ ပညာပေးရေး၊ သမိုင်းအထောက်အထားအချက်အလက်များအပါအဝင် သနပ်ခါးသည် စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ကိုပါ ကောင်းကျိုးပြုနိုင်သည့်အချက်များကို အမှတ်ပေးမည်ဖြစ်သည်။

မြန်မာ့သနပ်ခါးကို ချစ်မြတ်နိုးသည့် လူမျိုးဘာသာမရွေး၊ အရွယ်စုံ၊ အလွှာအသီးသီးမှ ပါဝင်နိုင်ပြီး တစ်ဦးချင်းသို့မဟုတ် အဖွဲ့လိုက် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ အဆိုပါပြိုင်ပွဲကို မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်အပါအဝင် အကဲဖြတ်ဒိုင်ငါးဦးက ရွေးချယ်ဆုံးဖြတ်ပေးမည်ဖြစ်ပြီး ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ခန့်ခန့်**

# လဟယ်မြို့ရှိ မိုးဒန်းအပန်းဖြေအလှကန် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု ၉၀ ရာခိုင်နှုန်းခန့်ပြီးစီး

လဟယ် ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ တာလံရပ်ကွက်ရှိ မိုးဒန်းအပန်းဖြေအလှကန်ကို ယခုဘဏ္ဍာနှစ်အတွင်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း လဟယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

မိုးဒန်း အပန်းဖြေအလှကန်သည် လဟယ်မြို့ရှိ ဒေသခံပြည်သူများနှင့် ခရီးသွားများ အပန်းဖြေအနားယူနိုင်သည့် အပန်းဖြေအလှကန်ဖြစ်ပြီး ယခင်က မိုးဒန်းချောင်းရေထွက်နှင့် မိုးဒန်းစိမ့်တောအဖြစ်သာ တည်ရှိကာ အကျယ်အဝန်းအားဖြင့် သုံးဧကခန့်ရှိကြောင်း၊ အဆိုပါ မိုးဒန်းအပန်းဖြေအလှကန်ကို ယခုဘဏ္ဍာနှစ်အတွင်း ငွေကျပ် ၂၈၄ ဒသမ ၅ သန်းဖြင့် လဟယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြီးမှူးပြီး အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


"မိုးဒန်း အပန်းဖြေအလှကန်ကို ဒီဘဏ္ဍာနှစ်မှာ အဆင့်မြှင့်တင်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ အဆင့်မြှင့်တင်တဲ့နေရာမှာ ကန်ပေါင်လျှောက်လမ်းချဲ့ခြင်း၊ ကန်ပေါင်အဆင့်မြှင့်တင်ခြင်း၊ ကန်ပေါင်လျှောက်လမ်း ကျောက်ရောမြေခင်းခြင်း စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီရေကန်က အပန်းဖြေအနားယူနိုင်တဲ့ နေရာတစ်ခုဖြစ်သလို သောက်သုံးရေဖြန့်ဝေပေးနိုင်တဲ့ ရေကန်လည်းဖြစ်ပါတယ်"ဟု လဟယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီထွေးကပြောသည်။

မိုးဒန်း အပန်းဖြေအလှကန်သည် သုံးဧကခန့်ကျယ်ဝန်းပြီး အနက် ၁၂ ပေရှိကာ ရေသိုလှောင်နိုင်မှုပမာဏမှာ ဂါလန် ၁၀ သန်းခန့် သိုလှောင်နိုင်ကြောင်း၊ မီးဘေးအန္တရာယ်ကျရောက်ပါက ကန်အတွင်းမှရေများကို ရယူအသုံးပြုနိုင်စေရန် စီစဉ်ဆောင်ရွက်ထားပြီး အဆိုပါ မိုးဒန်းအပန်းဖြေအလှကန်ကို ရေရှည်တည်တံ့စေရန် လဟယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှတာဝန်ယူကာ ထိန်းသိမ်းစောင့်ရှောက်မည်ဖြစ်ကြောင်း သိရသည်။

လာမည့် ဘဏ္ဍာနှစ်များတွင်လည်း မိုးဒန်း အပန်းဖြေအလှကန်ပတ်လည်ရှိ လျှောက်လမ်းများအား ကွန်ကရစ်လမ်းခင်းခြင်း၊ ကန်ပေါင်ပတ်လည်တွင် အလှမီးများတပ်ဆင်ခြင်း၊ အများပြည်သူ အပန်းဖြေအနားယူနိုင်စေရန် ခုံတန်းများ ပြုလုပ်ခြင်း၊ အလှပန်းပင်များနှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

မဇ္ဈိမ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**"၁၉၀၅ ခုနှစ်တွင် ရှစ်တန်းအောင်၍ ၁၉၀၆ ခုနှစ်တွင် ကိုးတန်းသို့တက်ရလေရာ ဤအတန်းမှာ တက္ကသိုလ်ဝင် (Entrance)တန်းဖြစ်၍ ကျောင်းတွင် အမြင့်ဆုံး ဖြစ်၏။ ထိုစဉ်က မြန်မာပြည်တွင် ယူနီဗာစတီမရှိသေး သဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို ကာလကတ္တား ယူနီဗာစတီမှ စစ်ဆေးရပေရာ ဤအခြင်းအရာသည်ပင် ကိုးတန်းကျောင်းသားများ ခြေဖျားထောက်စရာ ဖြစ်ခဲ့လေသည်။ အကြောင်းမူကား ကိုးတန်းစာမေးပွဲမှာ အက်(ဗ) အေ၊ ဘီအေ စာမေးပွဲများနည်းတူ ဘင်္ဂလား စာမေးပွဲဟု ခေါ်ကြသောကြောင့်ပေတည်း . . ."**

**ယမန်နေ့မှအဆက်**

### ခေတ်စားသောတေးတစ်ပုဒ်

ရှစ်တန်း၌ရှိစဉ် ကျွန်ုပ်အား အထက်တန်းကျောင်းသားကြီးများနှင့် ရင်းရင်းနှီးနှီးဖြစ်စေသည့် အခြင်းအရာတစ်ခု ပေါ်ပေါက်ခဲ့ခြင်းကို မှတ်မိပါသေး၏။ ထိုခေတ်က ကျောင်းသားများ၏ ထုံးစံတစ်ခုမှာ အောက်တန်းကျောင်းသားများသည် အထက်တန်းများမှ ကျောင်းသားများကို ရိုသေစွာနှင့် မော့ကြည့်ကြ၍ အထက်တန်းကျောင်းသားများကမူ အောက်တန်းကျောင်းသားများအား 'ဖုတ်လေတဲ့ငါးပိ ရှိသည်ဟုမမှတ်' ဆိုသောစကားကဲ့သို့ အဖက်မလုပ်တတ်ကြပေ။ တစ်နေ့သ၌ ကျွန်ုပ်သည် နေ့ကျောင်းတက်ခါနီး ၁၅ မိနစ်ခန့် လိုသေးသောအချိန်တွင် ရှစ်တန်းသင်သော ကျောင်းခန်းထဲ၌ စံပယ်သက်ကြီးဆိုသည့် 'ပတ္တမြားမှန်ဂူ'သီချင်းကို တီးတိုးသီဆို ပြသလျက်ရှိစဉ် အခန်းအပြင်ဘက်မှ လျှောက်သွားကြသည့် ကိုထွန်းလှအပါအဝင် ကိုးတန်းကျောင်းသားတစ်စု ကြားသည်နှင့် ဝင်လာကြ၍ ကိုထွန်းလှက 'ဟေ့ဖေသိန်း၊ ဒီသီချင်းကို မင်းအစအဆုံးရသလား'ဟု မေးသဖြင့် ကျွန်ုပ်က ရကြောင်းပြန်ပြော၏။ ဤတွင် ကိုးတန်းကျောင်းသားကြီးများသည် ကျွန်ုပ်အား ကျောသပ်ရင်သပ်လုပ်ကြ၍ စာရွက်နှင့် ခဲတံများ ထုတ်ကြလေ၏။

### ခက်ခဲစွာကူးရခြင်း

ဤနေရာ၌ ယင်းတေးချင်း၏ လူကြိုက်များပုံနှင့် ခဲယဉ်းစွာ ကျွန်ုပ်ရပုံကို ဖော်ပြရပေဦးမည်။ မန္တလေးမြို့တွင် ထိုခေတ်က ရုပ်သေးမင်းသား၊ မင်းသမီးများ သီဆိုသည့် တေးချင်းများသည် အလွန်ခေတ်စား၏။ ဇာတ်မင်းသား ဦးဖိုးစိန်မှာ ထိုအချိန်တွင် ပေါ်ပေါက်ပြီဖြစ်သော်လည်း ဤနောက် (ကျွန်ုပ်အထင်အရ) နှစ်နှစ်လောက်ကြာမှ သူ၏သီချင်းများကို ကာလသားများ လမ်းလျှောက်ဆိုသောအဖြစ်သို့ ရောက်လာသည်။ ထိုစဉ်က အထူးနာမည်ကြီး၍ ယနေ့တိုင် အစားထိုးရန် (သို့မဟုတ် နှိုင်းယှဉ်၍ ပြောရန်) မပေါ်ပေါက်သေးသည့် ရုပ်သေးမင်းသမီးနှင့် မင်းသားများကား ဆရာပု၊ ကိုဘကျော့၊ စံပယ်သက်ကြီး၊ ကိုစိန်ခို၊ ကိုဖူးညိုတို့ဖြစ်၏။ ၎င်းတို့၏ပါးစပ်မှ တေးချင်းအဆန်းများသည် ကာလသားများ၏ပါးစပ်သို့ ရောက်သည့်အခါ ၎င်းတို့သည် ဘာဂျာ၊ ဖျပ်စောင်း စသောတူရိယာများနှင့်တွဲကာ ညအချိန်များတွင် လမ်းများပေါ်၌ လျှောက်၍ သီဆိုတတ်ကြလေသည်။ တချို့သောလမ်းများမှာ ထိုကဲ့သို့သော တီးဝိုင်းမျိုး တစ်ဝိုင်းပြီးတစ်ဝိုင်း လျှောက်လာတတ်သဖြင့် လမ်းနံဘေးမှ အိမ်များမှာ ဤခေတ်ရေဒီယိုများသဖွယ် အဆက်မပြတ်လုနီးပါး နားထောင်ရလေသည်။ ကျွန်ုပ်ရထားသော စံပယ်သက်ကြီး၏ 'ပတ္တမြားမှန်ဂူ' တေးချင်းမှာ ပေါ်ခါစလည်းဖြစ်၍ ကာလသားများသည်လည်း မရသေး၊ ကျနအောင် သီဆိုတတ်သူလည်း မရှိသေးဘဲ အလွန်လည်း လူကြိုက်များသည်နှင့် တန်ဖိုးရှိလှသော တေးချင်းတစ်ပုဒ်ဖြစ်ပေ၏။ ထို့ကြောင့်လည်း ကိုထွန်းလှအမှူးရှိသော ကျောင်းသားကြီးများသည် ကျွန်ုပ်ထံ ပူဆာကြခြင်းဖြစ်လေသည်။

### ကျွန်ုပ်မျက်နှာပွင့်လိုက်ပုံ

ဤတေးချင်းကို ကျွန်ုပ်ရပုံကား ဤသို့တည်း။ ရုပ်သေးမင်းသား စံပယ်သက်ကြီး၏ မင်းသား ကိုအောင်သာ၌ မယားငယ်တစ်ယောက်ရှိရာ မင်းသား၊ မင်းသမီးတို့မည်သည်မှာ ၎င်းတို့၏ တေးချင်းသစ်များကို အရပ်သားများသို့ ပေးလေ့မရှိသော်လည်း ကိုအောင်သာမူကား မယားငယ်၏ပူဆာခြင်းကြောင့်ပေးရ၏။ ကျွန်ုပ်တို့အိမ်မှ အလုပ်သမားခေါင်းဆောင်ကိုတောက်ထွန်းသည် ထိုအမျိုးသမီးနှင့် ခင်မင်ရင်းနှီးမှုရှိ၍ ယင်းတေးချင်းကို ဆိုပုံဆိုနည်းနှင့်တကွ တောင်းယူလာခဲ့ရာ ကျွန်ုပ်မှာ ၎င်းထံမှ ရှိခိုးဦးတင် သင်ယူရခြင်းဖြစ်လေသည်။ သို့ဖြစ်ရကား ကိုထွန်းလှတို့လူစုအပေါ်၌ ကျွန်ုပ် မျက်နှာပွင့်လိုက်ပုံမှာ ပြောဖွယ်ရာမရှိ။ 'မင်းကလေး တယ်နိပ်သကွာ'ဟု ခဏခဏ ကျောသပ်ရင်သပ် ချီးကျူးကြဖူးလေသည်။ ကျွန်ုပ်ကလည်း တေးချင်းကို ခဲခဲယဉ်းယဉ်း ယူခဲ့ရသည့်အဖြစ်နှင့်တကွ ပြောပြ၍ ကျနအောင်ဆိုပြစဉ် သူတို့လူစုလည်း လိုက်၍ ကူးကြလေသည်။ ကျွန်ုပ်၏ တေးချင်းမှာ ချစ်ခန်းကြိုက်ခန်းနှင့် ပတ်သက်သည့် 'သစ္စာထားတေးချင်းမျိုး မဟုတ်ဘဲ အလောင်းတော် ဆဒ္ဒန်ဆင်မင်းအား သောနုတ္တိုရ်မုဆိုးက ခဲယဉ်းစွာသွားပြီး အစွယ်ကိုဖြတ်ယူခြင်းအကြောင်းဖြစ်၍ များစွာသောကာလပေါ်တေးချင်းများကဲ့သို့ ရှုတ်တရက် မကွယ်ပျောက်သေးဘဲ နှစ်ပေါင်းအတန်ကြာ သီဆိုလျက်ကျန်ရစ်ခဲ့လေသည်။ ကျွန်ုပ်မှာ ဤတေးချင်းအတွက်ကြောင့် အထက်တန်းကျောင်းသားကြီးများနှင့် သိကျွမ်းရုံမက ခင်မင်ကြင်နာခြင်းကို ခံယူရရှိလေရာ ဤသို့သောအခြင်းအရာသည် ကျွန်ုပ်အဖို့ရာ၌ သူငယ်သားများနှင့် ခင်မင်ရခြင်းထက်ပင် ဝမ်းပန်းတသာနှင့် ဂုဏ်ယူမိခဲ့ပါသည်။ နောက်များမကြာမီပင် ကိုထွန်းလှ ကွယ်လွန်ရှာသည်။

### ဂုဏ်ဒြပ်ကြီးခဲ့သောကိုးတန်း

၁၉၀၅ ခုနှစ်ကုန်တွင် ရှစ်တန်းအောင်၍ ၁၉၀၆ ခုနှစ်တွင် ကိုးတန်းသို့ တက်ရလေရာ ဤအတန်းမှာ တက္ကသိုလ်ဝင် (Entrance)တန်းဖြစ်၍ ကျောင်းတွင် အမြင့်ဆုံးဖြစ်၏။ ထိုစဉ်က မြန်မာပြည်တွင် ယူနီဗာစတီမရှိသေးသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို ကာလကတ္တား ယူနီဗာစတီမှ စစ်ဆေးရပေရာ ဤအခြင်းအရာသည်ပင် ကိုးတန်းကျောင်းသားများ ခြေဖျားထောက်စရာ ဖြစ်ခဲ့လေသည်။ အကြောင်းမူကား ကိုးတန်းစာမေးပွဲမှာ အက်(ဖ)အေ၊ ဘီအေ စာမေးပွဲများနည်းတူ ဘင်္ဂလားစာမေးပွဲဟု ခေါ်ကြသောကြောင့်ပေတည်း။ ကျွန်ုပ်တို့ကျောင်းသားများသည် မြန်မာပြည်၌ သီးသန့်ယူနီဗာစတီမရှိခြင်းကြောင့် ဂုဏ်ငယ်သည်ဟူ၍ နားမလည်ကြ။ ဘင်္ဂလားကိုအထင်ကြီးကြတုန်းဖြစ်၍ ဘင်္ဂလားစာမေးပွဲဝင်ရခြင်းသည်ပင် ဂုဏ်ဒြပ်ကြီးတစ်ခုဟူ၍ မှတ်ထင်ခဲ့ကြလေသည်။ ကျောင်းသားတို့မည်သည် စာမေးပွဲအောင်၍ အတန်းတက်ရသည်ဆိုလျှင် ဝမ်းသာကြမြဲဖြစ်သော်လည်း တက္ကသိုလ်ဝင်တန်းခေါ် ကိုးတန်းသို့တက်ရခြင်းကဲ့သို့ ဝမ်းသာခြင်း၊ ဂုဏ်ယူမိခြင်းကား မကြုံခဲ့ရဖူးပါ။ ကျွန်ုပ်အဖို့မှာမူ နေအိမ်ပတ်ဝန်းကျင်အရပ်၌ ကိုးတန်းသမားဟူ၍ ထိုစဉ်ကလည်းမရှိ၊ ယခင်ကလည်း မရှိခဲ့ဖူးသည့်အတွက်ကြောင့် အတော်ဘဝင်မြင့်ခဲ့မိပါ၏။ ဤအတွက်ကြောင့် ကျွန်ုပ်အပေါ်၌ မနာလိုသူများရှိကြသော်လည်း ကျွန်ုပ်အား ပညာရှိကလေးတစ်ယောက်သဖွယ် လေးစားကြသည့် အတန်းလေးသမားများလည်း မြောက်မြားစွာရှိကြပေသည်။ တချို့မိဘများသည် ၎င်းတို့၏လေးငါးတန်းကျောင်းသားကလေးများကို ကျွန်ုပ်နှင့်အတူ စာကျက်ပါစေဆိုကာ ကျွန်ုပ်တို့၏ နေအိမ်သို့ ပို့ထားခြင်းများရှိ၏။ ထိုလူတို့စိတ်၌ 'ပဏ္ဍိတာနန္တ သေဝနာ' ဆိုသည့် မင်္ဂလာတရားတော်အတိုင်း ပညာရှိကလေးတစ်ဦးထံ ဆည်းကပ်ပါစေဟူသော သဘောနှင့် ပို့ကြလေသလော မဆိုနိုင်ပေ။ ကျွန်ုပ်၏ဖခင်ကား အတော်ဂုဏ်ယူပုံရသည်။

### ရင်ဘတ်မိတ်ဆွေရခြင်း

ရှစ်တန်းသို့တက်ရကတည်းက အလွန်ခင်မင်သော သူငယ်ချင်းသုံးယောက်ရရှိခြင်းကို ဖော်ပြခဲ့ပြီးဖြစ်ရာ ၎င်းတို့အနက်တွင် ကိုဖေမှာ အိမ်ချင်းကလည်းနီးသည်နှင့် အထူးသဖြင့် ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ယောက်ဖြစ်လာ၍ ကျွန်ုပ်၏တစ်သက်တာတွင် ပထမဦးဆုံးသော မိတ်ဆွေရင်း(Bosom Friend) တစ်ယောက်ဖြစ်ချေသည်။ ဤအင်္ဂလိပ်စကားလုံးမှာလည်း 'ရင်ဘတ်မိတ်ဆွေ'ဟု အဓိပ္ပာယ်ရှိလေရာ အလွန်တိကျပေါ်လွင်သော အသုံးအနှုန်းဖြစ်၏။ အကြောင်းမူကား ရင်ဘတ်ထဲ၌ရှိသောအခြင်းအရာအားလုံးကို (အကောင်းရောအဆိုးပါ) ဖွင့်ဟတိုင်ပင်၍ အကြံဉာဏ်တောင်းနိုင်သော မိတ်ဆွေမျိုး ဖြစ်ပေသောကြောင့်တည်း။ ဤမိတ်ဆွေမျိုးသည် တစ်ယောက်နှင့်တစ်ယောက် ဟန်လုပ်ခြင်း၊ ကြွားဝါခြင်း၊ ဂုဏ်ပြိုင်ခြင်းမရှိ။ တစ်ယောက်ဒုက္ခရောက်သည်ဆိုလျှင် တစ်ယောက်က ပါးစပ်ဖျားကလေးဖြင့် 'ဝမ်းနည်းတယ်ဗျာ' ဟု လောကဝတ်စကားပြောခြင်းမဟုတ်။ စိတ်၌ တကယ်ထိခိုက်အောင် လှိုက်လှိုက်လှဲလှဲဝမ်းနည်း၍ ကောင်းစားလျှင်လည်း အဟုတ်တကယ် ဝမ်းမြောက်ဝမ်းသာ (မုဒိတာစိတ်) ဖြစ်နိုင်သည့် မိတ်ဆွေမျိုးကို ဆိုလိုပေသည်။ လူတိုင်းလူတိုင်း၌ ထိုသို့သောမိတ်ဆွေမျိုး ဘယ်နှယောက်စီ ရှိကြသည် မဆိုနိုင်။ ကျွန်ုပ်အဖို့ရာ၌ကား (ကိုဖေ အပါအဝင်) တစ်သက်တာလုံး၌ သုံးလေးငါးယောက်မျှသာ ကြုံရဖူးပါသည်။ (ဤသို့သော မိတ်ဆွေမျိုးမှာ ဘဝရေစက်လည်းပါဦးမှ တွေ့နိုင်ဟန်တူပေသည်။)

### တန်ဖိုးရှိလှသောသြဝါဒ

ကိုးတန်းသို့တက်၍ နွေရာသီကျောင်းပိတ်မည့်နေ့တွင် မြန်မာစာသင်ပြသည့် ဆရာရွှေမှန်သည် ကျွန်ုပ်အဖို့ရာ၌ တစ်သက်တာလုံး အသုံးဝင်သည့်သြဝါဒ တစ်ခုပေးဖူး၏။ (ဆရာရွှေမှန်မှာ ကျွန်ုပ်တို့၏ ရှစ်တန်းဆရာဖြစ်ခဲ့ရာ ကိုးတန်းသို့ ကျွန်ုပ်တို့တက်ကြသောအခါ ကိုးတန်းပြဆရာသည် အိန္ဒိယလူမျိုး ဆရာသစ်တစ်ယောက်ဖြစ်၍ မြန်မာစာမတတ်သည်နှင့် ဆရာရွှေမှန်က ကျွန်ုပ်တို့အား မြန်မာစာသင်ပေး၍ ဆရာသစ်က ရှစ်တန်းကို အင်္ဂလိပ်ဘာသာသင်ပေးခြင်းဖြင့် အလဲအလှယ်လုပ်ကြသည်။)

**ဆက်လက်ဖော်ပြပါမည်။**

---

## ကြံခင်းမြို့နယ်၌ အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များအား Catch-Up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

ကြံခင်း ဇန်နဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်၌ အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များအား Catch-Up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းကို ဇန်နဝါရီလ ၂၅ ရက်က မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် စုရပ်သတ်မှတ်၍ ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးစုရပ်၌ မြို့နယ်ကျန်းမာရေးဆရာမ ဒေါ်ဝင်းဝင်းကြည်က Catch-Up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးပေးခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ သားဖွားဆရာမဒေါ်ခင်ချိုအေးက ကာကွယ်ဆေးထိုးနှံပြီးနောက် လိုက်နာဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း အသိပညာပေးပြောကြားသည်။

ထို့နောက် ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးပေးနိုင်ရန် အကြိမ်ပြည့်မထိုးနှံရသေးသောကလေးငယ်များနှင့် ကာကွယ်ဆေး တစ်ကြိမ်မျှမထိုးနှံရသေးသော ကလေးငယ်များအား စာရင်းသွင်းဆောင်ရွက်ကြသည်။

ယင်းနောက် ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးပေးရာ အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ် ၇၈ ဦးအား ငါးမျိုးစပ်ကာကွယ်ဆေး (ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်)၊ ဝက်သက်၊ ဂျိုက်သိုး၊ ပိုလီယို( IPV )နှင့် ရုတ်တရက်ပျော့ခွေအကြောသေ(OPV) ရောဂါကာကွယ်ဆေးများ ထိုးနှံ/တိုက်ကျွေးပေးကြောင်း သိရသည်။

ချမ်းမြေ့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်မြတ် အလှူခံရရှိတော်မူသော ဘဒ္ဒန္တသေဋ္ဌဉာဏာလင်္ကာရ ဆရာတော်ထံသို့ပေးပို့ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်

ဝမ်းမြောက်စွာလျှောက်ထားအပ်ပါသည်ဘုရား-

ယခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ယမန်နှစ်ကုန်ပိုင်းနှင့် ယခုနှစ် နှစ်ဦးအစတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပနေကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်အနေဖြင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံးရက်အရှည်ဆုံးကျင်းပသည့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရဆရာတော်များပေါ်ထွန်းစေချင်သည့် ဆန္ဒရှိပါသည်ဘုရား။

ထို့ကြောင့်ပင် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဆရာတော်ကြီးများ အပြီးသတ်ဆုံးဖြတ်၍ ထုတ်ပြန်လာမည့် အောင်စာရင်းစောင့်မျှော်နေခဲ့ရာ ဆရာတော်သည် ယခုနှစ် (၇၇)ကြိမ်မြောက် ကျင်းပသောစာမေးပွဲကြီးတွင် အဘိဓမ္မာ(နောက်ပိုင်း)ဖြစ်သော ယမကနှင့်ပဋ္ဌာန ဟူသောခက်ခဲနက်နဲလှသော ကျမ်းနှစ်ဆူ၏ ခဲရာခဲဆစ်သဘောအဓိပ္ပာယ်များကို အောင်မြင်စွာဖြေဆိုနိုင်ခဲ့သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါကနက္ကဒဏ်ထီးဖြူတော်(၃) လက်အမှတ်တံဆိပ်ပါ သာသနာ့အောင်လံတော်ကို ခံယူရရှိမည်ဖြစ်သောကြောင့် အတိုင်းမသိဂုဏ်ယူဝမ်းမြောက်ကာ ဖရဏာပီတိဂွမ်းဆီထိသကဲ့သို့ ခံစားရပါသည်ဘုရား။

> **“(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်တော်များ၏ အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယများလာ ခက်ခဲနက်နဲသောသဘောအဓိပ္ပာယ်တို့ကို ဆရာတော်၏သဒ္ဓါစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်မှဆက်ကပ်သော တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူမည်ဖြစ်ရာ ဆရာတော်သည် ပရိယတ္တိ သာသနာတော်အတွက် တပည့်ရဟန်းသံဃာများအား စာပေပို့ချခြင်း စသောသာသနာပြုလုပ်ငန်းများ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါမည့်အကြောင်း ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော် ဆွတ်ခူးရရှိတော်မူသဖြင့် (၁၇)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာခြင်းကိုလည်း အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ထပ်လောင်းလျှောက်ထားအပ်ပါသည်ဘုရား။”**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အချက်အလက်များအရ ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ရွာဗုကြီးရွာတွင် ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၆၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ စော်ဘွားလေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဣန္ဒာစာရကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြောင်း၊ ဆရာတော်သည် ဂဏဝါစကသာမဏေကျော်၊ ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်၊ ပရိယတ္တိသဒ္ဓမ္မရက္ခိတသာမဏေကျော်၊ မင်္ဂလာဗျူဟာသာမဏေကျော်၊ ပရိယတ္တိ သာသနဟိတသာမဏေကျော်များ၊ ၁၃၆၁ ခုနှစ်တွင် ပထမကြီးတန်း (ရန်ကုန်တိုင်းဒေသကြီး ပထမ၊ တစ်နိုင်ငံလုံးဒုတိယ) သာသနဓဇ ဓမ္မာစရိယ၊ နိကာယဓ္ဓေါတက ဝိနယဓရဓမ္မာစရိယ၊ နိကာယဓ္ဓေါတက အတ္ထဝိသာရဒဒီဃဘာဏက၊ နိကာယဝုမ္မိသမိတိ ဝိနယကောဝိဒ၊ နိကာယဝုမ္မိသမိတိ ဒီဃနိကာယကောဝိဒ၊ ပရိယတ္တိသာသနဟိတဝိနယဓရ၊ ပရိယတ္တိ သာသနဟိတ ဒီဃဘာဏက၊ ကျောင်းတိုက်စာမေးပွဲ မဟာဂန္ထဝံသဒီဃာဂမ၊ မဟာဂန္ထဝံသ မူလ အဘိဓမ္မာဂမ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ အဘိဓမ္မဝိဒူ-၁/၂၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ မူလအာဘိဓမ္မိက၊ မူလအဘိဓမ္မကောဝိဒစသည့်ဘွဲ့တော်များ အောင်မြင်ရရှိတော်မူပြီး ဆက်လက်၍ အားထုတ်တော်မူရာ ၁၃၇၉ ခုနှစ်ကျင်းပသော အကြိမ်(၇၀)မြောက် တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်သုံးပုံဟုဆိုအပ်သော ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့ကို ခက်ခဲနက်နဲစွာ လေ့လာကျက်မှတ်၍ သတ်မှတ်အချိန် သတ်မှတ်ရက်အတွင်း သတ်မှတ်စာမျက်နှာ သတ်မှတ်ကျမ်းစာများကို အာဂုံပြန်ဆိုနိုင်ခဲ့ပြီး အာဘိဓမ္မိကဘွဲ့တံဆိပ်တော်နှင့်တိပိဋကဓရဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူခဲ့ကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်များ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ယခုနှစ်ကျင်းပသော (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်တော်များ၏ အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယများလာခက်ခဲနက်နဲသော သဘောအဓိပ္ပာယ်တို့ကို ဆရာတော်၏ သဒ္ဓါစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်မှဆက်ကပ်သော တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူမည်ဖြစ်ရာ ဆရာတော်သည် ပရိယတ္တိ သာသနာတော်အတွက် တပည့်ရဟန်းသံဃာများအား စာပေပို့ချခြင်း စသောသာသနာပြုလုပ်ငန်းများ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါမည့်အကြောင်း ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ဆွတ်ခူးရရှိတော်မူသဖြင့် (၁၇)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာခြင်းကိုလည်း အထူးပင် ဂုဏ်ယူဝမ်းမြောက်ကြောင်း ထပ်လောင်းလျှောက်ထားအပ်ပါသည်ဘုရား။

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ့်ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၆

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် အားကစားကွင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကြက်တောင်အားကစားခန်းမ၌ စားပွဲတင်တင်းနစ်ခုံများ ခင်းကျင်းထားရှိမှု၊ မြို့မဘောလုံးအားကစားကွင်းနှင့်ပွဲကြည့်စင် အခြေအနေကိုလည်းကောင်း၊ ကော့သောင်းမြို့နယ် ခရိုင်အားကစားခန်းမ၊ တင်းနစ်အားကစားကွင်း၊ ရိုးရာခြင်းလုံးခတ် အားကစားရုံနှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း/ အားကစားရုံများ စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေး၊ ရေရှည်တည်တံ့ရေးတို့အတွက် ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ပြည်သူများကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်မှုများ လာရောက်လေ့ကျင့်နိုင်စေရေး လိုအပ်သည့် အားကစားပစ္စည်းများထောက်ပံ့ပေးသွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းခရိုင်ရုံးနှင့် မြို့နယ်ရုံးတို့မှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြသမည့် နေပြည်တော်ကိုယ်စားပြု ဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများခင်းကျင်းပြသထားမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၂၆

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြသမည့် နေပြည်တော်ကိုယ်စားပြု ဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ထုတ်ကုန်များအလိုက်ထုတ်လုပ်မှုနှင့်ဖြန့်ဖြူးရောင်းချမှု အခြေအနေကို လိုက်လံရှင်းလင်းပြသပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်အသီးသီးမှ ပြည်တွင်းကုန်ကြမ်းသုံး ထုတ်ကုန်အမျိုးအစား ၈၃ မျိုး၊ သွင်းကုန်အစားထိုးတန်ဖိုးမြှင့်ထုတ်ကုန်အမျိုးအစား ၂၇ မျိုး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအခြေခံထုတ်ကုန်အမျိုးအစား ၄၃ မျိုး၊ ပြည်ပပို့ကုန်အမျိုးအစား ၁၀ မျိုးနှင့် One Region One Product (OROP) ထုတ်ကုန်ပစ္စည်းအမျိုးအစား ၉၁ မျိုးတို့ကို ပါဝင်ယှဉ်ပြိုင်ပြသသွားမည်ဖြစ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပေါင်းကွင်း၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပမည့်ကွင်းအတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု၊ ပြခန်းများဆောင်ရွက်နေမှုနှင့် MSME ထုတ်ကုန်ပစ္စည်းများခင်းကျင်းပြသရန် ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းများလွှဲပြောင်း

ဇီးကုန်း ဇန်နဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်နဖားကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းများချပြရှင်းလင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းအခမ်းအနားကို ဇန်နဝါရီလ ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးပြည့်ဖြိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလုပ်ငန်းများလွှဲပြောင်းပေးရခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကျေးရွာကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါ သစ်နဖားကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် သုည ဒသမ ၉၇ သန်း စုစုပေါင်းငွေကျပ် ၁၅ ဒသမ ၉၇ သန်း အသုံးပြုကာ ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ယမန်နှစ် ဇွန်လ ၂၀ ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံးရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း၊ ကျေးရွာရှိ အိမ်ခြေ ၁၆၀ မှ လူဦးရေ ၅၇၁ ဦးတို့၏ သွားလာရေးလွယ်ကူနေပြီဖြစ်ကြောင်း သိရသည်။ **ကိုညို(ကျေးလက်)**



# မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေထုတ်ချေး

သာပေါင်း ဇန်နဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒလယ်အက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီလ ၂၆ ရက်တွင် ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်နွယ်က ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာပေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒလယ်အက်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၉၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးဒေါ်တင်တင်နွယ်နှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဒလယ်အက်ကျေးရွာတွင် ပဉ္စမအကြိမ်အဖြစ်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၇၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် သိန်း ၉၀၊ ရေလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငါးသိန်း၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂၄ သိန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၁ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၉၀ ထုတ်ချေးပေးကြောင်း သိရသည်။

**နွဲ့ယဉ်**

# ထားဝယ်မြစ်ကမ်းနားလမ်းဘေးရှိ ပြည်သူ့အပန်းဖြေရင်ပြင်၌ အဏ္ဏဝါအမှိုက်သရိုက်စစ်တမ်းကောက်ယူ



ထားဝယ် ဇန်နဝါရီ ၂၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြစ်ကမ်းနားလမ်းဘေးရှိ ပြည်သူ့အပန်းဖြေရင်ပြင်၌ အဏ္ဏဝါအမှိုက်သရိုက်စစ်တမ်းကောက်ယူခြင်းကို ဇန်နဝါရီလ ၂၆ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဇော်မင်းအုန်း ဦးဆောင်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ပြည်သူ့အပန်းဖြေရင်ပြင်တစ်လျှောက် အမှိုက်ကြီး၊ အမှိုက်သေး အုပ်စုခွဲ၍ခွဲခြားကောက်ယူသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့များက အဏ္ဏဝါအမှိုက်သရိုက်စစ်တမ်းကောက်ယူခြင်းဆိုင်ရာလမ်းညွှန်စာအုပ်ကို အသုံးပြု၍ အမှိုက်ကြီး ၃၅ အုပ်စု၊ အမှိုက်သေး ရှစ်အုပ်စုအား ခွဲခြားကောက်ယူကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

# ပခုက္ကူမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုစစ်ဆေး

ပခုက္ကူ ဇန်နဝါရီ ၂၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ဇလုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဇန်နဝါရီလ ၂၆ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် ပခုက္ကူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဇလုပ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိမရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပခုက္ကူမြို့နယ် ဇလုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်သူ အသင်းသား၊အသင်းသူစုစုပေါင်း ၁၀၁ ဦးကို ကောဒသမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၅၄၁ သိန်းထုတ်ချေးပေးထားပြီး စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုနိုင်(ကျေးလက်)**

# မုံရွာမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကုလားပဲသီးနှံ ၁၅၉၉၆ ဧကစိုက်ပျိုးပြီးစီး

မုံရွာ ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကုလားပဲသီးနှံ ၁၅၉၉၆ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်၌ ယခု ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကုလားပဲသီးနှံ ၁၇၇၉၀ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ်အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၁၅၉၉၆ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာစတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစိုးသက်အောင်ကပြောသည်။

မုံရွာမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်ရေဆင်း ၈ နှင့်ရေဆင်း ၁၁ မျိုးတို့ကို ရွေးချယ်စိုက်ပျိုးကြကြောင်းနှင့်ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော်ကုန်ကြကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းစသည်တို့ကို တောင်သူများနှင့် ပူးပေါင်းပြီးဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုတွင် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့်တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံသီးနှံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ (၄၀၉)

# မျက်ကြောလိုက်ခြင်းအကြောင်းရင်းနှင့် ကာကွယ်ရန်နည်းလမ်းများ

> **"မျက်ကြောလိုက်ရတဲ့အကြောင်းရင်းတွေက မျက်လုံးမှာ ခိုးလိုးခုလုဖြစ်နေတာ၊ မျက်လုံးညောင်းတာ၊ အိပ်ရေးမဝတာ၊ အလုပ်ပင်ပန်းတာ၊ ဆေးဝါးတွေရဲ့ဘေးထွက်ဆိုးကျိုးကြောင့်ဖြစ်တာ၊ စိတ်ဖိစီးမှုဖြစ်တာ၊ အရက်၊ ဆေးလိပ်နဲ့ ကဖင်းဓာတ်များတာတွေသောက်တာ၊ မီးရောင်စူးတာ၊ မျက်လုံးကိုလေသလပ်တာ၊ လေထုညစ်ညမ်းတာ၊ မသိလိုက်ဘဲ မျက်ကြည်လွှာဒဏ်ရာရတာ စတဲ့အကြောင်းတွေကြောင့်ဖြစ်နိုင်ပါတယ် . . ."**

ယနေ့ခေတ်လူငယ်တွေကြား ဂိမ်းကစားတာက အတော်ခေတ်စားလာပါတယ်။ ကွန်ပျူတာနဲ့ ဂိမ်းကစားတာထက် ဖုန်းနဲ့ဂိမ်းကစားတဲ့သူပိုများလာတယ်။ ကားစောင့်ရင်း၊ ကားစီးရင်း၊ မုန့်ဆိုင်ထိုင်ရင်း၊ ထမင်းစားရင်း၊ မိတ်ဆွေတွေနဲ့တွေ့ရင်း ဘာလုပ်လုပ် လက်ကနေ ဖုန်းကိုမချတမ်း အသုံးပြုနေသူတွေ ပတ်ဝန်းကျင်မှာ မြင်တွေ့လာရပါတယ်။

တချို့မိဘတွေက အလုပ်မအားလို့ ကလေးနေရင်ပြီးရော ဖုန်းစိတ်ကြိုက်ပေးသုံးထားတတ်ကြတယ်။ နယ်သာလန်နိုင်ငံမှာ အသက် ၁၄ နှစ်နဲ့အောက်၊ ဩစတြေးလျနိုင်ငံမှာ အသက် ၁၆ နှစ်နဲ့အောက် လူငယ်တွေ လူမှုမီဒီယာ၊ ဂိမ်းမသုံးရဆိုပြီး ညွှန်ကြားချက် ထုတ်ထားပါတယ်။

မြန်မာနိုင်ငံမှာတော့ အစာစားချိန်မမှန်၊ ညမအိပ်ဘဲ ဂိမ်းကစားလို့ အရေးပေါ်အခြေအနေအထိဖြစ်လာတဲ့ ကလေးတွေရှိလာတယ်။ နိုင်ငံတကာမှာလည်းတွေ့နေရပါတယ်။ အဲဒီတွေ့မြင်ရတဲ့အထဲမှာ မျက်ကြောလိုက်တာအဖြစ်များပါတယ်။

မိဘတွေက မျက်ကြောလိုက်မှာစိုးလို့ သား၊ သမီးတွေကို ဂိမ်းကစားတာကန့်သတ်ပေးချင်ပေမယ့် ပြောစကားနားမထောင်တဲ့ ကလေးတွေလည်းရှိပါတယ်။ မျက်ကြောလိုက်တာကြောင့် ရုပ်ရည်သွင်ပြင်ကြည့်ရဆိုးတာမျိုးမဖြစ်အောင် ကလေးတွေကို သေချာရှင်းပြပြီး ဆုံးမသွန်သင်သင့်ပါတယ်။

ဂိမ်းကစားလွန်းသူတွေ၊ တီဗွီကို နေ့မနား ညမအားအနီးကပ်ကြည့်သူတွေမှာ မျက်ကြောလိုက်တာမျိုးဖြစ်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ဂိမ်းကစားချိန်မှာ Screen ကို အချိန်ကြာကြာ အာရုံစိုက်ပြီးကြည့်ရတယ်။ အဲဒီတော့ မျက်လုံးညောင်းလာမယ်။ ညောင်းလာတော့ မျက်လုံးကို အနားယူပေးဖို့အတွက် ပုတ်ခတ်ပုတ်ခတ်လုပ်ရာကနေ မျက်လုံးသဘာဝအရ မျက်ကြောလိုက်သလိုမျိုးဖြစ်လာပါတယ်။ ဒီတော့ မျက်လုံးကိုအနားပေးဖို့လိုအပ်ပါတယ်။

မျက်ကြောလိုက်ရတဲ့အကြောင်းရင်းက မျက်လုံးကို အနားမပေးလို့ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ ခြေထောက်တွေက လမ်းမလျှောက်တော့ဘူးဆိုရင် အနားရမယ်။ လက်ကလည်း စာမရေးတော့ဘူး၊ အလုပ်မလုပ်တော့ဘူးဆိုရင် အနားရတယ်။ မျက်လုံးက အဲဒီလိုမဟုတ်ဘူး။ ထိုင်နေရင်လည်း အလုပ်လုပ်ရတယ်။ စာဖတ်တာ၊ ကွန်ပျူတာအသုံးပြုနေချိန်ဆိုရင်လည်း မျက်လုံးကအလုပ်လုပ်နေရတယ်။ မျက်လုံးကို ပိတ်မထားမချင်း အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်ရဲ့အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။

စာဖတ်တာ၊ ကွန်ပျူတာကြည့်တာ၊ ဖုန်းသုံးတာ၊ ဂိမ်းကစားတာတွေများလာတဲ့အခါမှာ မျက်လုံးက ညောင်းလာတယ်။ အဲဒီအချိန်မှာ မျက်လုံးက ပုတ်ခတ်ပုတ်ခတ်ဖြစ်လာတတ်တယ်။ ခြေထောက်က အရမ်းညောင်းလာတဲ့အချိန်မှာ ခြေထောက်ကြွက်သားတွေ တုန်လာသလို မျက်လုံးကလည်း ညောင်းပြီး ဖွင့်လိုက်၊ ပိတ်လိုက်မကြာခဏဖြစ်လာတယ်။ ဒါကိုမျက်ကြောလိုက်တယ်လို့ပြောတတ်ကြတယ်။ ဒါက မျက်လုံးကို အနားပေးသင့်တဲ့အချိန်မှာ အနားမပေးလို့ဖြစ်ရတာဖြစ်ပါတယ်။

နောက်ထပ်ဖြစ်နိုင်တဲ့အချက်က အာရုံကြောကြောင့်ဖြစ်တဲ့ မျက်ကြောလိုက်တာပဲဖြစ်ပါတယ်။ ဦးနှောက်နံပါတ်(၇) အာရုံကြောမှာ ထိခိုက်မှုတစ်ခုခုဖြစ်ရင် ဆေးပညာအခေါ်အဝေါ် Blepharospasm လို့ခေါ်တယ်။ လိုအပ်တာထက်ပိုပြီး မျက်လုံးကို လှုံ့ဆော်မှုများတဲ့ဖြစ်စဉ်မျိုးတွေမှာလည်း မျက်ကြောလိုက်သလိုပြဿနာမျိုး ဖြစ်တတ်ပါတယ်။

နောက်တစ်ခုကတော့ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးပြဿနာတွေရှိနေတာကြောင့် မျက်လုံးမှာ တစ်ခုခုဖြစ်နေတယ်လို့ထင်ပြီး မျက်လုံးကိုပုတ်ခတ်ပုတ်ခတ်လုပ်ရင်းကနေ မျက်ကြောလိုက်သလိုဖြစ်နေတတ်ပါတယ်။

မျက်ကြောလိုက်တာနဲ့ပတ်သက်ပြီး ကြိုတင်ကာကွယ်လို့ရသလား။ အမှိုက်ဝင်တာဆိုရင်တော့ ကာကွယ်လို့မရပါဘူး။ ဒါက မတော်တဆဖြစ်တတ်တဲ့ပြဿနာတစ်ခုဖြစ်ပါတယ်။

မျက်လုံးညောင်းတာ မဖြစ်အောင်ဆိုရင်တော့ မျက်လုံးကိုအနားပေးတာ၊ အချိန်ကန့်သတ်ပြီး မျက်လုံးကိုအသုံးပြုတာတွေ ပြုလုပ်မယ်ဆိုရင် မျက်ကြောလိုက်တာကို ကာကွယ်နိုင်ပါတယ်။

နံပါတ်(၇) အာရုံကြောလှုံ့ဆော်မှုဖြစ်လာလို့ မျက်ကြောလိုက်တာဆိုရင်လည်း ကာကွယ်လို့မရပါဘူး။ စိတ်ကြောင့်ဖြစ်လာတဲ့ မျက်ကြောလိုက်တာဆိုရင်တော့ စိတ်ကိုသက်သာရာရစေနိုင်မယ့် နည်းလမ်းတွေပြုလုပ်ပြီး နေထိုင်ရမှာဖြစ်ပါတယ်။ သင့်တင့်တဲ့ စိတ်နှလုံးသွင်းမှုပြုလုပ်ပြီး နေထိုင်ကျင့်ကြံတာ၊ တရားအားထုတ်တာ၊ ယောဂကျင့်တာတွေ ပြုလုပ်ပြီး နေထိုင်နိုင်မယ်ဆိုရင်တော့ ကာကွယ်ရာရောက်ပါတယ်။

မျက်ကြောလိုက်ရတဲ့ အကြောင်းရင်းတွေက မျက်လုံးမှာ ခိုးလိုးခုလုဖြစ်နေတာ၊ မျက်လုံးညောင်းတာ၊ အိပ်ရေးမဝတာ၊ အလုပ်ပင်ပန်းတာ၊ ဆေးဝါးတွေရဲ့ ဘေးထွက်ဆိုးကျိုးကြောင့်ဖြစ်တာ၊ စိတ်ဖိစီးမှုဖြစ်တာ၊ အရက်၊ ဆေးလိပ်နဲ့ ကဖင်းဓာတ်များတာတွေသောက်တာ၊ မီးရောင်စူးတာ၊ မျက်လုံးကိုလေသလပ်တာ၊ လေထုညစ်ညမ်းတာ၊ မသိလိုက်ဘဲ မျက်ကြည်လွှာဒဏ်ရာရတာ စတဲ့အကြောင်းတွေကြောင့်ဖြစ်နိုင်ပါတယ်။

ဒ့ါပြင် မျက်ခွံရောင်ရမ်းတာ၊ မျက်ကြည်လွှာရောင်ရမ်းတာ၊ မျက်လုံးခြောက်တာ၊ ပတ်ဝန်းကျင်လေထုမသန့်တာ၊ မျက်လုံးကိုနေစူးတာ၊ စိတ်ဖိစီးမှုများတာစတာတွေက မျက်ကြောလိုက်တာ၊ မျက်ကြောဆွဲတာကို ပိုဆိုးစေပါတယ်။ အမျိုးသားတွေထက် အမျိုးသမီးတွေမှာ ပိုဖြစ်တတ်ပါတယ်။

အာရုံကြောက ကျန်းမာရေးအတွက် သိပ်အရေးမကြီးဘူးလို့ ထင်စရာရှိပါတယ်။ ခေါင်းကိုက်နေရင် အလုပ်လုပ်ဖို့မဖြစ်နိုင်ဘူး။ မျက်ခွံကြွက်သားတွေက ဘာမှမလုပ်ရဘဲ သူ့အလိုလို အကြောဆွဲနေတာ၊ အပေါ်မျက်ခွံမှာအဖြစ်များပေမယ့် အပေါ်မျက်ခွံရော အောက်မျက်ခွံပါ အကြောဆွဲတဲ့သူရှိပါတယ်။ မျက်ကြောလိုက်တာ သိပ်ပြင်းထန်လွန်းရင် မျက်လုံးပိတ်တဲ့အထိဖြစ်နိုင်ပါတယ်။ ရှားရှားပါးပါးမျက်ကြောဆွဲတာ၊ မျက်နှာအကြောလိုက်၊ ထိန်းမရတဲ့ တခြားအကြောလိုက်တာတွေဖြစ်လာရင်အာရုံကြောပြဿနာဖြစ်နိုင်လို့ ဆေးရုံဆေးခန်းပြသသင့်ပါတယ်။

အချုပ်ဆိုရရင် မျက်ကြောလိုက်တာ၊ မျက်ကြောဆွဲတာပြတတ်တဲ့ တခြားရောဂါတွေက မျက်နှာအကြောသေရောဂါ (Bell's palsy)၊ လည်ပင်းအကြောဆွဲတာ(Torticollis)၊ ခက်မာရောဂါစု(multiple Sclerosis)၊ ပါကင်ဆန်(Parkinson )ရောဂါ၊ တို့ကရက်ရောဂါ (Tourette Syndrome) တို့ဖြစ်ပါတယ်။ ကဖင်းပါတာတွေ လျှော့သောက်သင့်ပါတယ်။ အရက်၊ ဆေးလိပ်သောက်သုံးတာ ရှောင်ကြဉ်သင့်ပါတယ်။ မျက်လုံးမခြောက်အောင် မျက်စဉ်းခတ်သင့်တယ်။ မျက်ကြောဆွဲနေတဲ့အချိန် ရေနွေးဖတ်လေးကပ်ပေးသင့်တယ်။ စိတ်ဖိစီးမှုတွေလျှော့သင့်ပါတယ်။ မျက်ကြောလိုက်တာ၊ မျက်ကြောဆွဲတာပိုဖြစ်စေတဲ့ ဂိမ်းစွဲတာ၊ တီဗွီစွဲတာ၊ ကွန်ပျူတာမျက်နှာပြင်ကြည့်တာတွေကို တစ်ရက်ကို နှစ်နာရီထက် ပိုမသုံးသင့်ပါဘူး။ ရောဂါကြောင့်ဖြစ်ရင် စောစောစီးစီး ဆရာဝန်ထံပြသသင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါတယ်။ ။

**ဒေါက်တာလွင်သန့်**

---

# ကျိုက်လတ်မြို့နယ်၌ ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်သဖြင့် တောင်သူများသီးနှံဝင်ငွေရရှိနေ



ကျိုက်လတ် ဇန်နဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်သဖြင့် တောင်သူများသီးနှံဝင်ငွေရရှိနေကြောင်း ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်နီနီဝင်း၏ပြောပြချက်အရ သိရသည်။


ကျိုက်လတ်မြို့နယ်၌ လက်ရှိတွင် ကန်စွန်းဥများပေါ်နေချိန်ဖြစ်ပြီး ဇန်နဝါရီလ ဒုတိယပတ်မှစတင်ကာ ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်သည်။

"ကန်စွန်းဥမှာ မြန်မာကန်စွန်းဥနဲ့ ကိုရီးယားကန်စွန်းဥဆိုပြီး အမျိုးအစားနှစ်မျိုးရှိပါတယ်။ ဒီဘက်ဒေသမှာတော့ တောင်သူတွေက ကန်စွန်းဥအမျိုးအစားနှစ်မျိုးစလုံးကို စိုက်ပျိုးတာတွေ့ရပါတယ်။ အခုလို ကန်စွန်းဥတွေပေါ်နေတဲ့အချိန်မှာ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်ပျိုးတဲ့တောင်သူတွေ ဈေးရသလို လယ်ယာလုပ်သားတွေလည်း အဆင်ပြေလာတာတွေ့ရတယ်။ ဒီနှစ်မှာ ကန်စွန်းဥစိုက်သူတွေနည်းသွားပေမယ့် ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်ကောင်းမွန်နေတာပါ" ဟု ဒေါ်နီနီဝင်းက ပြောသည်။

ကျိုက်လတ်မြို့နယ်၌ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲပြီး ကန်စွန်းဥအပါအဝင် တခြားရာသီပေါ်သီးနှံများကိုစိုက်ပျိုးကြကြောင်း၊ တောင်သူတစ်ဦးလျှင် ကန်စွန်းဥတစ်ဧကမှ ငါးဧက စသည်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့်ရောင်းလိုအားမျှတမှုရှိကာ ဒေသဈေးကွက်အတွင်း သီးနှံဈေးနှုန်းများ တည်ငြိမ်ကျဆင်းစေပြီး ဒေသခံများ၏သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# ဘားအံမြို့နယ်၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



**ဘားအံ ဇန်နဝါရီ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသထုတ်ကုန်များ ဈေးကွက်သို့ လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်စေရန် ထောင်ဝိကွင်းအမှတ်(၁၁၈၄-က)၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီလ ၂၅ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ခင်ဇာဝင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင်ဦးစီးအရာရှိ ဒေါ်နန်းအဲဖောင်အွာနှင့် မြို့နယ်မှ တာဝန်ရှိသူများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထောင်ဝိကျေးရွာ ကွင်းအမှတ်(၁၁၈၄-က)၌ ကျေးလက်ကုန်ထုတ်လမ်းသည် အရှည် ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၃ ပေ ၉ လက်မ မြေဂဝံလမ်းဖြစ်ပြီး လမ်းပေါ်တွင် အရှည် ၅ ပေ၊ အကျယ်၂၄ပေ၊ အမြင့် ၅ ပေ Box Culvert နှစ်စင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၉၇ သန်းဖြင့် ၂၀၂၄ ခုနှစ် မေလပထမပတ်မှ စတင်ဖောက်လုပ်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သဖြင့် အဆိုပါကုန်ထုတ်လမ်းမှနေ၍ ဒေသထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူချောမွေ့စွာသွယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်**

# မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**ရေနံချောင်း ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (ရေနံချောင်း)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မေဂျာပေါင်းစုံ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဝင်းစန္ဒာက မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပရခြင်းနှင့် ပညာရည်ချွန်ဆုများပေးအပ်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ (ရေနံချောင်း)မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း) ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေကြောင်း သိရသည်။

**စိုးသူအောင်၊ မြို့နယ်(ပြန်/ဆက်)**

# ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဆောင်စမ်းကျေးရွာအုပ်စု စည်ပင်လှကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းဖြင့် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီလ ၂၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက စည်ပင်လှကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကိုရေရှည်တည်တံ့အောင်ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာဘက်စုံသုံးခန်းမမှာ အလျားပေ ၆၀၊ အနံ ၃၄ ပေ၊ အမြင့် ၁၂ ပေရှိပြီး ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေကျပ် ၁၉ ဒသမ ၉ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၀ ဒသမ ၁၃ သန်းတို့ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့် (ကျေးလက်)**

## မြန်မာ့အလှ မြန်မာ့ရှုခင်း

* ကောင်းကင်မှာ ပြာလွင်လဲ့
ညှင်းလေသွဲ့ သုတ်ကာချီ။
ပတ်ဝန်းကျင် တစ်ခွင်လုံး
လှမဆုံး ထုံကြည်။
မိုးပြောင်းတော့ ဆောင်းရောက်ပြီ
နှင်းဇာခြည် ပဝါပါး။
ငွေကမ္ဘလာ အခြေပြု
မြတ်ဆုရည်ထား။

* ငွေရောင်ပမာ ဖွေးဥလျှမ်း
သဇင်ပန်း ပွင့်ကာလေ။
ပြည်တစ်ခွင် အေးချမ်းစေဖို့
ပို့မေတ္တာဝေ။
ဆောင်းနှင်းတို့ လွှမ်းကာနေ
ပန်းတိုင်းလေ မွှေးထုံသင်း။
ရင်တွင်းမှာ မေတ္တာထွေးလို့
ဘေးဘယာတွေရှင်း။

* ပန်းသဇင်ဖူးဝေတင့်လို့
နန်းမြင့်မှာ နေရာယူ။
တော်ဝင်သူ ဟေမန်တွင်းမှာ
သင်းရနံ့ကြူ။
မွန်မြတ်သော ပန်းမဉ္ဇူ
အပူတွေ ကင်းစင်ဝေး။
တေးတံတျာ ဆောင်းလေအေးမှာ
ငြိမ်းချမ်းမှုပေး။

* မိုးမြေကို သစ္စာပြုလို့
တောင်းဆုချွေပါမည်။
ပြည်မြန်မာ ရန်ဘယာဝေးလို့
အေးမြသာကြည်။
ဆောင်းလရယ် အခါမီ
ပြည်သူတွေ စိတ်ရွှင်လန်း။
သစ္စာမြေ သည်အရပ်ဆီက
ထူးမြတ်စွာ စိတ်မှာတွေး
အေးမေတ္တာကမ်း။ ။

**မိုးမြေသစ္စာ(ကြံခင်း)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၁-၂၀၂၅(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း | ၈။ | ၁၂:၀၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၂။ | ၇:၁၆ | မေတ္တာပို့ | ၉။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၃။ | ၇:၂၀ | ဓမ္မပူဇာတေး | ၁၀။ | ၁၄:၀၀ | Movie & Movies |
| ၄။ | ၈:၀၀ | မျိုးချစ်တပ်မတော် | ၁၁။ | ၁၉:၀၀ | (၃၈)ဖြာမင်္ဂလာ |
| ၅။ | ၉:၀၀ | Soft Skill | | | **ကာလေန** |
| ၆။ | ၁၀:၀၀ | မွေးမြူသုတ | | | **ဓမ္မသဝနံ** |
| ၇။ | ၁၁:၀၀ | တစ်ချိန်က သူတို့အကြောင်း | | | |

## လျှပ်စစ်မီတာခသက်သာဖို့ LED ပစ္စည်းသုံးကြစို့။

# တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၈၀၀ ခန့်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၆၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့




ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်စတော့အိတ်ချိန်း ဈေးကွက်၌ ဇန်နဝါရီလစတုတ္ထပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၈၀၀ ခန့် တန်ဖိုးရှိစတော့ရှယ်ယာအစောင် ၂၆၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်အထိ တစ်ပတ်တာကာလအတွင်း ငွေကျပ် ၇၉၀၂၂၇၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၆၄၃၉ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၁၇၂၅၅၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၁၆၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၆၁၃၉၄၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၉၆၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၄၈၈၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၆၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၁၅၄၆၄၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၂၁၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၁၀၆၇၉၇၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၃၃၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၃၃၀၀ ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၈၂၁၆၉၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၉၄၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၁၀၇၅၃၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၆၅၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၁၀၀၂၄၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၀၈၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် လေးပုံသုံးပုံခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

ယခုတစ်ပတ်အတွင်း စာရင်းဝင်ကုမ္ပဏီရှစ်ခုတွင် ကုမ္ပဏီလေးခုမှာ အရောင်းအဝယ်ကျဆင်းပြီး ကျန်ကုမ္ပဏီလေးခုမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့ကာ ပြီးခဲ့သည့်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် စတော့ရှယ်ယာအစောင် သုံးပုံတစ်ပုံခန့် အရောင်းအဝယ် ပိုမိုမြင့်တက်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

# ရေတာရှည်မြို့နယ်၌ နွေစပါးစိုက်ပျိုးသော အသင်းသားတောင်သူများထံ သွင်းအားစုများပေးအပ်



ရေတာရှည် ဇန်နဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်၌ သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးသော သမဝါယမအသင်းသားတောင်သူများထံ သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၅ ရက်က ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာအုပ်စု ထန်းကုန်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီဝင်များက ကဏ္ဍအလိုက် အမှာစကားများ ပြောကြားကြသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းဦးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးသော သမဝါယမအသင်းသားတောင်သူများထံ သွင်းအားစုများပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီဝင်များက နွေစပါးစိုက်ပျိုးသော သမဝါယမအသင်းသားများထဲမှ စိုက်ဧက ၂၅၀ ရှိသော တောင်သူများအား သွင်းအားစုမြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော် သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန်ပြခန်း ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၆

ဗုဒ္ဓဘာသာနှင့်ပတ်သက်သော သမိုင်းဝင်အချက်အလက်များ၊ သာသနိကအဆောက်အအုံများကို အများပြည်သူသိရှိစေရန်ရည်ရွယ်ပြီး Pagoda Directory Station (ဘုရားဖူးလမ်းညွှန်နှင့် သမိုင်းအချက်အလက်များ ပြသခြင်း) အဆောက်အအုံ တပ်ဆင်ဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ ဂေါပကအဖွဲ့ သဘာပတိဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် Pagoda Directory Station အဆောက်အအုံကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ပြီး Pagoda Directory Station အဆောက်အအုံ ဆောက်လုပ်ထားမှုများကို တာဝန်ရှိသူများ လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**နေကိုထိုက်**

# မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၌ ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီလ ၂၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ အမှတ် (၄)အခြေခံပညာအလယ်တန်းကျောင်းမှ Grade-9 ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် ဖျော်ဖြေခဲ့ကြပြီး အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စိန်နှင့် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဖုန်းနိုင်တို့က အမှာစကားများပြောကြားကြသည်။

ထို့နောက် ပညာရည်ချွန်ဆုပေးပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ကြသော အလှူရှင်များ၊ ကျောင်းအတွင်း ခွင့်ရက်မပျက်ဆုနှင့် သင်ကြားရေးတွင် ထူးချွန်ဆုရရှိကြသော ဆရာ၊ ဆရာမများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade -4 မှ Grade -9 အထိ အတန်းများအလိုက် ထူးချွန်ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။



**သက်လွင်စိုး (ပြန်/ဆက်)**

# အောင်စိတ်နှင့်အောင်နည်း

## လူငယ်နှင့်အောင်မြင်ရေး

ပီမိုးနှင်း



### အောင်စိတ်ရအောင်ရှာနည်း

အသင်၏စိတ်ကို သေချာစွာစစ်ဆေးပါ။

ငါ၏စိတ်သည် အောင်စိတ်မျိုးလား၊ ပျက်စိတ်မျိုးလားဟု သိအောင်ရှာပါ။ ပျက်စိတ်ဖြစ်ခြေက အောင်စိတ်ဖြစ်အောင် စိတ်နေသဘောထားပုံကို ပြုပြင်ရမည်။ ထိုအခါ တစ်လကိုးသီတင်းအတွင်းမှာ အသင်၌ ထူးခြား၍လာသည်ကို ဧကန်တွေ့ရှိလာပါလိမ့်မည်။

လက်ဖွဲ့အင်းအိုင်ကို ယုံကြည်အားကိုး၍ တစ်ခုခုကို လုပ်ကိုင်သူများသည် အောင်မြင်တတ်သည်မှာ အားကိုးခြင်းကြောင့် အောင်စိတ်ကိုရကြသဖြင့် အောင်မြင်ခြင်းဖြစ်ကြလေသည်။

လူတစ်ယောက်မှာ ဖဲကစားရာ၌အမြဲရှုံး၏။ ၎င်းမှာ အစဦး၌ ကံအားလျော်စွာနှင့် နှစ်လက်သုံးလက်ဆက်၍ ရှုံးရာ ၎င်း၏မိတ်ဆွေများကရော၊ ၎င်းကိုယ်တိုင်ကရော သည်လူမှာ ဖဲနှင့်အကျိုးမပေး၊ သူ့လက်နှင့်ကိုင်မိလျှင် မကောင်းသောဖဲသာဖြစ်တတ်သည်ဟူသော အစွဲတစ်ခုပေါ်ပေါက်၍လာ၏။ ထို့နောက် ၎င်းလူမှာ အမြဲရှုံးလေ၏။

၎င်းသည် ကစားနည်းကိုအထူးကျွမ်းကျင်သူဖြစ်ပါလျက် ထိုကဲ့သို့ရှုံးလေရာ ၎င်း၏လက်သည် အရှုံးလက်ဖြစ်သည်ဟု အများကပြောကြလေသည်။ ၎င်းကိုယ်တိုင်ကလည်း ကစားဝိုင်းမှာထိုင်သည့်အခါတိုင်း ငါတော့ရှုံးမှာပဲဟု စွဲထားလေ့ရှိလေ၏။

၎င်းမှာစာရေးဆရာဖြစ်ရာ ဖဲကစားခြင်းကို အားလပ်ခြင်း၊ အပျင်းဖြေခြင်းအနေဖြင့် စွဲ၍ကစားသူဖြစ်လေ၏။ ၎င်း၏နာမည်မှာ "ဝီလကင်း"ဟုခေါ်လေရာ အခြားသူများကရှုံးသည့်အခါ၌ပင် ရှုံးသူ၏လက်ကို ဝီလကင်း၏လက်ဟု ခေါ်ကြလေသည်။

သို့ဖြစ်လေရာ အရှုံးစိတ်၏တန်ခိုးအရှိန်သည် ဝီလကင်းတစ်ယောက်တည်း ကိုယ်တိုင်စိတ်၏တန်ခိုးမဟုတ်၊ အခြားအပေါင်းအဖော်များကပါ ကူညီ၍ ၎င်းအား အရှုံးစိတ်တန်ခိုးဖြင့် နှိမ်နင်းကြသလိုဖြစ်၍နေလေ၏။

တစ်နေ့သ၌ မိတ်ဆွေတစ်ယောက်က ဝီလကင်းနှင့်စကားပြောရာ၌ ထိုအကြောင်းကိုစပ်မိ၍ စကားဆက်မိသဖြင့် ၎င်း၏မိတ်ဆွေမှာလည်း "ဆိုင်ကိုလိုဂျီ" ကျမ်းကိုဖတ်ဖူးသူဖြစ်ရာ...

"ငါ့မှာ ရက်အင်ဒီးယန်း တိုင်းရင်းသားတစ်ယောက်က အဆောင်တစ်ခုပေးထားတာရှိတယ်။ ငါဖဲကစားရာမှာ အဲဒီအဆောင်ကိုအသုံးပြုကြည့်လို့ ကိုယ်တိုင်သိရတာပဲ။ ကိုးလက်မှာ ခုနစ်လက်နိုင်တယ်၊ အလောင်းအစား အကြီးအကျယ်မလုပ်ပါဘူးဆိုတဲ့ကတိကို တော့ထားရလိမ့်မယ်"ဟုပြောရာ ဝီလကင်းက ထိုအဆောင်ကိုတောင်းလေလျှင် မိတ်ဆွေက ဝီလကင်းကို အိမ်သို့ခေါ်သွားပြီး ငွေသေတ္တာကလေးတစ်ခုထဲ၌ မိမိသိမ်း၍ထားသော တရုတ်ပြည်ကရရှိသည့် ကျောက်စိမ်းနဂါးရုပ်ကလေး လက်သန်းလောက်ကို ၎င်းအားပေးလေ၏။ သို့ပေးရုံမက ဝီလကင်းနှင့်ကစားသူတို့အားလည်း မိမိ၏ အဆောင်စွမ်းကြောင်းကိုပြော၍ပြသဖြင့် ဝီလကင်းနှင့်ကစားသူများ၏ စိတ်၌...

"ဝီလကင်းရှုံးခဲ့သည်မှာ...အတော်လည်းကြာခဲ့ပြီ၊ ယနေ့တော့ နိုင်မယ့်နေ့မို့ အကူအညီကောင်းများနှင့် ကြုံလာရတဲ့ လက္ခဏာပဲ"ဟု အချင်းချင်းပြောကြလေ၏။

ပြောသည့်အတိုင်းလည်း ဝီလကင်းနိုင်လိမ့်မည်ဟု တွေးထင်ကြဟန်ရှိလေ၏။ အကြောင်းမူကား... ထိုနေ့၌ ဝီလကင်းမှာ အကြိမ်တိုင်းဖဲကောင်းကိုချည်း ရရှိနေလေသည်။

နောက်မှ အဆောင်ပေးသူက ဝီလကင်းအား စိတ်ပညာအကြောင်းကိုပြောပြပြီး ထိုအရုပ်မှာ အဆောင်မဟုတ်၊ တရုတ်ပြည်ကိုရောက်စဉ်က အထိမ်းအမှတ်အဖြစ်နှင့် မိမိယူ၍လာသော အရုပ်ဖြစ်ကြောင်းပြော၍ပြရာ၌ ဝီလကင်းအား စိတ်ကိုပြုပြင်ဖို့ သတိပေးလေ၏။

သို့သတိပေးသဖြင့် ဝီလကင်းမှာ စိတ်ကိုပြုပြင်လိုက်ရာ အဆောင်မရှိဘဲလည်း အရှုံးမများတော့သည်ဖြစ်ကြောင်းတွေ့ရှိရလေ၏။

ထိုစိတ်သည် ဖြစ်မည် အောင်မည်ဟု မျှော်လင့်သောစိတ်ဖြစ်ရာ ၎င်းစိတ်ထက်သန်သလောက် အကျိုးပေးထက်သန်လေသည်။

### အထက်ကိုလှမ်းသောစိတ်

လောကဓာတ်ဆရာကြီး အယ်ဒီဆင်သည် ငယ်စဉ်အခါက သတင်းစာရောင်းရာ၌ပင် လောကဓာတ်ပညာရပ်များကို စမ်းသပ်ခဲ့၏။

နေရာထိုင်ခင်းမရှိသဖြင့် တစ်နေရာမှတစ်နေရာ မီးရထားနှင့် သွားလာရာမှ ဂါတ်ဗိုလ်နှင့်အကျွမ်းဝင်အောင်လုပ်ပြီး ဂါတ်တွဲမှာ ဓာတ်များကို စမ်းသပ်ရန် နေရာရအောင် ကြံခဲ့လေသည်။

၎င်း၏စိတ်၌ ဆင်းရဲသော်လည်း ဂါတ်ဗိုလ်လောက်လူကို သူငယ်ချင်းတစ်ယောက်လောက် သဘောထားနိုင်သော သတ္တိရှိသူဖြစ်လေသည်။

### ကြီးမြင့်လိုသောစိတ်

အထက်ကိုလှမ်းသောစိတ်သည် ဝမ်းတွင်းပါဖြစ်ခဲ့သည်၊ ထို့ပြင်လောက်ဆင်းဆင်းရဲရဲကျပ်ကျပ်တည်းတည်း နေခဲ့ရာ၌ပင် ဓာတ်များကိုစမ်းသပ်ခဲ့သည်မှာ တစ်နေ့သ၌ မိမိကိုယ်ကို ဓာတ်ဆရာကြီးဖြစ်မှာပဲဟု စွဲမှတ်ယုံကြည်သောစိတ် ထက်သန်ကြည်လင်စွာရှိခြင်းကြောင့်ဖြစ်လေသည်။

ကြည်လင်ခြင်းဆိုသည်မှာ မိမိဖြစ်လိုသောအရာကို ကွင်းကွင်းကွက်ကွက်မြင်ခြင်းကို ဆိုလိုလေသည်။

မိမိကိုယ်တိုင် အဘယ်ကဲ့သို့သောအခြေအနေကို ရောက်အောင်လုပ်မည်ဟု သဲသဲကွဲကွဲမထင်မမြင် စမ်းတဝါးဝါးဖြစ်၍နေခြေက အဘယ်အခြေအနေကိုမျှ ရောက်မည်မဟုတ်ပေ။

တစ်ခုခုသောအခြေအနေကို သေသေချာချာ မြင်လျက် "မရောက်မပေါက်လျှင် မနေဘူး၊ ငါရောက်အောင်လုပ်မည်"ဟူသော စိတ်ကိုထားသူတို့မှာ ရောက်နိုင်ကြောင်း သေချာစွာ ယုံကြည်သူများပင်ဖြစ်ကြ၏။

မယုံလျှင် စွဲမြဲစွာ ကြံမည်မဟုတ်ပေ။

**ဆရာကြီး ပီမိုးနှင်း၏ "အောင်စိတ်" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။**

---

## (၃၈)ဖြာမင်္ဂလာ

## သရက်ပင်စိုက်ပါ (ပုဗ္ဗေစ ကတပုညတာ)

သည်နေ့ စိုးသူတို့ မော်ဇာပြတိုက်ကို သွားရောက်လေ့လာကြသည်။

သရေခေတ္တရာမြို့ဟောင်းမှ ပျူလူမျိုးတို့၏ ယဉ်ကျေးမှုအကြောင်းကို ပြတိုက်တာဝန်ခံ ဒေါ်ဘေဘီက လိုက်လံရှင်းလင်းပြသသည်။ မော်ဇာပြတိုက်ကို လေ့လာမိမှပင် မော်ဇာအရပ်သည် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုအခြေခံရာဒေသဖြစ်ကြောင်း စိုးသူဂုဏ်ယူလိုက်မိပါသည်။ မော်ဇာပြတိုက်မှ ပြန်ခါနီးတွင် တာဝန်ခံ ဒေါ်ဘေဘီက စိုးသူတို့ကို ဤသို့ နှုတ်ဆက်စကားဆိုလေသည်။

"ယဉ်ကျေးမှုအမွေအနှစ်တွေကို အန်တီတို့က ဒီနေ့ထိန်းသိမ်းနေတယ်၊ နောင်တစ်ချိန်ကျရင်တော့ အဲဒီတာဝန်ကို သားတို့ကယူကြရလိမ့်မယ်၊ ဒါကြောင့် ကျောင်းသားအရွယ်မှာ နှုတ်မှုပညာ၊ လက်မှုပညာ၊ စက်မှုပညာတို့ကို ကောင်းစွာအားထုတ်သင်ယူကြပါ။ အဲဒီလိုသင်ယူအားထုတ်တဲ့ပညာနဲ့ အရာရှိအရာခံတွေ၊ ကုန်သည်ကြီးတွေ၊ လက်မှုပညာသည်တွေ၊ စက်မှုအင်ဂျင်နီယာတွေဖြစ်လာကြမယ်၊ ပညာတတ်တွေဖြစ်လာမှ ပခုံးပြောင်းတာဝန်ကို သားတို့ ကျေပွန်စွာ ထမ်းဆောင်နိုင်လိမ့်မယ်၊ ဒီတော့ သားတို့--"

"ပညာကြိုးစားပါ့မယ် အန်တီဘေဘီ"

ဒေါ်ဘေဘီစကားမဆုံးမီ၌ စိုးသူတို့အားလုံး ပြိုင်တူပြန်ဖြေလိုက်ကြသည်။ ကျောင်းဆင်းပြီး အိမ်အပြန်လမ်းဝယ် "စိုးသူရေ မင်းအဖေနဲ့အမေ ခြံထဲမှာရှိတယ်၊ လိုက်ခဲ့လို့ မှာသွားတယ်" ဟူသော ရွာသူကြီးဦးလှ၏ စကားကြောင့်စိုးသူခြံထဲသို့လိုက်သွားခဲ့သည်။ ခြံထဲဝယ် သရက်ပျိုးပင်ငယ်များကို စိုက်ပျိုးနေသော ဖေဖေနှင့် မေမေကိုတွေ့လိုက်ရသဖြင့် စိုးသူလည်းဝိုင်းကူ၍ လုပ်ပေးလိုက်သည်။ သရက်ပင်များကိုစိုက်ပျိုးရင်းနှင့် စိုးသူစဉ်းစားမိသည်၊ နောင်လေးငါးနှစ်ကြာလျှင်သရက်ပင်များကြီးထွားလာမည်၊ သရက်သီးများလည်း သီးလာမည်၊ ထိုအခါ စိုးသူတို့ သရက်သီးများကိုဝလင်စွာစားသုံးနိုင်ပေမည်။ သရက်ပင်များကိုစိုက်ပျိုးခဲ့သော ယခုကောင်းမှုသည် နောင်ကာလတွင်အကျိုးထူးရရှိမည်သာဖြစ်သည်။ နံနက်က မော်ဇာပြတိုက်မှ ဒေါ်ဘေဘီပြောလိုက်သောစကားနှင့် သရက်ပင်သရက်သီးများ ဖြစ်ထွန်းလာမည့်အကျိုးတရားတို့ကို စိုးသူ ဉာဏ်မီသမျှ ဆက်စပ်တွေးတောလိုက်မိလေသည်။ အိမ်အပြန်လမ်းဝယ် စိုးသူက ထိုအကြောင်းများကို ဖေဖေ့ကို မေးလိုက်မိသည်။ ဖေဖေက–

"သရက်ပင်စိုက်ရင်သရက်သီးကို စားသုံးရသလိုပေါ့ သားရယ်၊ ကောင်းမှုကံဆိုတဲ့အလုပ်ကိုလုပ်ရင် ကောင်းကျိုးချမ်းသာမင်္ဂလာကိုရတာပေါ့" စိုးသူက ဖေဖေ့စကားကိုနားလည်သလိုရှိလာသည်၊ ဖေဖေက–

"မနေ့က ဒီနေ့နဲ့ မနက်ဖြန်ဆိုတာကို သားသိတယ်မဟုတ်လား" စိုးသူက ခေါင်းညိတ်ပြသည်။

"သားစတုတ္ထတန်းမှာစာကြိုးစားလို့ ဒီနှစ်ပဉ္စမတန်းကိုရောက်လာတယ်။ ပဉ္စမတန်းမှာ သားဆက်ပြီးစာကြိုးစားရင် နောင်နှစ် ဆဋ္ဌမတန်းကို ရောက်မှာပဲ။ စတုတ္ထတန်းတုန်းက သားစာမကြိုးစားခဲ့ရင် ဒီနှစ်ပဉ္စမတန်းကို ရောက်နိုင်ပါ့မလား"

"မရောက်နိုင်ပါဘူး ဖေဖေ" စိုးသူက ဖေဖေ့စကားကို ပြန်ဖြေလိုက်မိသည်။ မေမေကဆက်၍–

"အခုဘဝမှာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတယ်၊ ပညာတတ်တယ်၊ ရုပ်ဆင်းလှပတယ် စတဲ့ဂုဏ်ဒြပ်တွေဟာ ရှေးဘဝတွေက ကောင်းမှုကြောင့်ပဲ။ ဒီဘဝမှာ ဆင်းရဲတယ်၊ ပညာမရှိဘူး၊ ရုပ်ဆင်းမလှသူတွေဟာ ရှေးဘဝတွေက ကုသိုလ်ကောင်းမှုမလုပ်ခဲ့လို့ပဲ။ သားစိုက်တဲ့သရက်ပင်ဟာ ရှေးကကောင်းမှုဆိုရင် သရက်သီးစားချိန်ဟာ ချမ်းသာကြွယ်ဝစေမှုအကျိုးကို ခံစားရချိန်ပဲ၊ ကဲ...ဒီလောက်ဆို သားနားလည်လောက်ပြီထင်တယ်"

စိုးသူ ခေါင်းညိတ်ပြမိသည်။ မည်သည့်ကာလတွင်ဖြစ်ပါစေ အလုပ်ကောင်းဖို့သာလိုပါသည်။ အလုပ်ကောင်းမှသာ ကံကောင်းနိုင်မည်။ ကံကောင်းမှသာလျှင် ကောင်းကျိုးချမ်းသာကိုရရှိနိုင်မည်ဟု စိုးသူနားလည်လိုက်မိသည်။ ထို့ကြောင့် ကံကောင်းနိုင်ရန် အလုပ်ကောင်းကိုလုပ်ဖို့ စိုးသူဆုံးဖြတ်လိုက်ပါသည်။ အလုပ်ကောင်းဟူသည်ကျောင်းသားငယ်စိုးသူအတွက် စာကျက်စာသင်ရန်သာ ဖြစ်ပါတော့သည်။ ။

ကိုဇော်ဌေး(ယဉ်ကျေးမှု)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ကော့သောင်းမြို့၊ ဇာဒက်ကြီးကျွန်းနှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်





**နေပြည်တော် ဇန်နဝါရီ ၂၆**

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ကော့သောင်းမြို့၊ ဇာဒက်ကြီးကျွန်းသို့ရောက်ရှိရာ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ကော့သောင်းမြို့နယ်၊ ဇာဒက်ကြီးကျွန်းရှိ ဓမ္မိကာရာမတပ်ဦးကျောင်း ဆလုံဘိုးဘွားရိပ်သာ၌အခြေပြု၍ ဇာဒက်ကြီးကျွန်းနှင့်အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၇၇ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၈၉ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၂ ဦး၊ ကလေးရောဂါ ၁၁ ဦး၊ အရိုးရောဂါ ၂၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃ ဦး၊ မျက်စိရောဂါ ၁၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၅ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁ ဦး၊ မျက်စိခွဲစိတ်လူနာ ၅ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၃ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင်လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ကော့သောင်းမြို့၊ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ဆရာဝန်တွေကတော့ ဆီးချိုဆေးကို ပုံမှန်သောက်ရမယ်။ အစားရှောင်ရမယ်။ ပြီးရင်လေ့ကျင့်ခန်းတွေလုပ်ရမယ်။ ၂၀၂၄ ခုနှစ်တုန်းက နယ်လှည့်ဆေးကုအဖွဲ့တွေလာတုန်းက တစ်ခါပြဖူးတယ်လေ။ ပြရတာအဆင်ပြေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ကိုယ့်တစ်ယောက်တည်း ပြရတာမဟုတ်ဘူး။ လူတွေအများကြီးလာပြကြတာဆိုတော့ အဆင်ပြေပါတယ်။ ကော့သောင်းမှာသွားပြရင် လေယာဉ်စီးဘာစီးနဲ့ဆိုတော့ ပင်လည်းပင်ပန်းတယ်။ ဒီမှာပြရတာက ပင်လည်းမပင်ပန်းဘူး ပိုက်ဆံလည်း မကုန်ပါဘူး။ အခုလိုလာရောက်ကုသပေးတဲ့အတွက်အများကြီးကျေးဇူးတင်ပါတယ်။ ကြည်း၊ ရေ၊ လေ တပ်မတော်မိသားစုတွေလည်း ကျန်းမာချမ်းသာကြပါစေလို့။ နောက်လည်း အခုလိုအမြဲလာရောက် ကုသပေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်ရှင်"ဟု ပြောသည်။

"ဆရာဝန်က အခုလောလောဆယ် မျက်စိအတွက်ကို အားဆေးတော့ သောက်ခိုင်းတယ်ရှင့်။ ဆေးလေးလည်း ပေးထားပါတယ်။ အပြင်မှာဆို အရမ်းဝေးလံခေါင်ဖျားတယ်လေ။ ပါရဂူအစုံနဲ့လည်းပြရတယ်။ အကုန်လုံးအတွက် တစ်နေရာတည်းမှာပဲ စုစုစည်းစည်းပြရတာဖြစ်တဲ့အတွက် အရမ်းကိုအဆင်လည်း ပြေပါတယ်။ အရမ်းလည်းဝမ်းသာမိပါတယ်။ ပုံမှန်ဆိုရင် ရောဂါတွေဘာတွေကို ကော့သောင်းကိုပဲ သွားပြရတယ်ရှင့်။ လေ့ဆိုရင်တော့ အနည်းဆုံး နှစ်နာရီခွဲသုံးနာရီလောက်စီးရတယ်ရှင့်။ အခုဒီကိုလာလိုက်တော့ ရောဂါအခြေအနေလည်း သိရတယ်။ အဆင်လည်းအကုန်ပြေသွားတယ်။ အကုန်အကျလည်းသက်သာတယ်။ ဆေးလည်း အကုန်လုံးအခမဲ့ပေးတယ်ဆိုတော့ အဆင်ပြေပါတယ်။ အရမ်းလည်း ကျေးဇူးတင်ပါတယ်။ ဝမ်းသာပီတိလည်း ဖြစ်မိပါတယ်။ ရောဂါတစ်ခုခုခံစားနေရတဲ့သူတွေကိုလည်း ဒီမှာလာရောက်ကုသခံဖို့အတွက်လည်း ဖိတ်ခေါ်ပါတယ်ရှင့်"ဟု ပြောသည်။ (၁၀၀)





## MFF ဖူဆယ်လိဂ်-၁ တွင် MIU အသင်း သရေပွဲကြောင့် ထိပ်ဆုံးနေရာအတွက် အပြိုင်ဖြစ်လာ

**ရန်ကုန် ဇန်နဝါရီ ၂၆**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ်(၇)ကို ယနေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာ MIU အသင်း သရေပွဲကြောင့် ထိပ်ဆုံးနေရာအတွက် အပြိုင်ဖြစ်လာသည်။

ခြောက်ပွဲဆက် အနိုင်ရထားသည့် MIU အသင်းသည် YCDC Marga အသင်းနှင့် မထင်မှတ်ဘဲ သရေကျကာ ဒုတိယနေရာမှ MH Dream Team အသင်းနှင့် အမှတ်ကွာဟမှုလျော့ကျခဲ့သည်။

ထို့ပြင် Generations အသင်းမှာလည်း မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ပြီး လက်ရှိချန်ပီယံ VUC အသင်းနှင့် ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့် YRG အသင်းလည်း နိုင်ပွဲဆက်ခဲ့သည်။ ပွဲစဉ်(၇)တွင် လက်ရှိချန်ပီယံ VUC အသင်းက ဖူဆယ်ချစ်သူအသင်းကို ၄ ဂိုး-၁ ဂိုး၊ MH Dream Team အသင်းက Winner Soccer အသင်းကို ၇ ဂိုး-၂ ဂိုး၊ M2K အသင်းက Generations အသင်းကို ၃ ဂိုး-၁ ဂိုး၊ YRG အသင်းက SGF အသင်းကို ၈ ဂိုး-၄ ဂိုးဖြင့် အနိုင်ရပြီး UCDC Marga အသင်းနှင့် MIU အသင်း ခြောက်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ်(၇)အပြီးတွင် MIU အသင်းက ၁၉ မှတ်၊ MH Dream Team အသင်းက ၁၇ မှတ်၊ YRG အသင်းက ၁၂ မှတ်၊ M2K အသင်းနှင့် Generations အသင်းတို့က ၁၁ မှတ်စီ ၊ VUC အသင်းက ၁၀ မှတ်၊ Winner Soccer အသင်းနှင့် YCDC Marga အသင်းတို့က ငါးမှတ်စီ၊ ဖူဆယ်ချစ်သူအသင်းက လေးမှတ်၊ SGF အသင်းက သုံးမှတ်ရရှိထားသည်။

ရဲရင့်လွင်

# စာဖတ်ရှိန်မြှင့်တင်ရေး အလေးထားကြစေချင်

**ကိုဘုန်း(ထုတ်လုပ်)**




စာဖတ်ခြင်းသည် စာဖတ်သူအတွက် အသိပညာ ကျယ်ပြန့်စေရုံသာမက စိတ်နှလုံးကိုလည်း သိမ်မွေ့စေသည်။ တွေးတောဆင်ခြင်နိုင်သည့် စွမ်းရည်ကို မြင့်မားစေနိုင်သည်နှင့်အမျှ ကောင်းမှုနှင့် မကောင်းမှု အမှန်နှင့်အမှားတို့ကို ခွဲခြား သိမြင်နိုင်စေသည်။ စာဖတ်ခြင်းက ဗဟုသုတကြွယ်ဝစေရုံသာမက စကားလုံး ဝေါဟာရများကိုလည်း တိုးပွားစေရာ စာများများဖတ်သူသည် စကားပြောရာတွင်လည်း လိမ္မာပြေပြစ်စွာ၊ ပညာသားပါပါ ချိုချိုသာသာပြောနိုင်စွမ်းရှိကြသည်။ ထို့ပြင် စာဖတ်ခြင်းဖြင့် ဦးနှောက်ကို အားကောင်းစေခြင်း၊ တခြားသူအပေါ် စာနာနားလည်နိုင်စွမ်းမြင့်မားလာခြင်း၊ စိတ်ဖိစီးမှုကို လျှော့ချခြင်းနှင့် ဝေါဟာရအသုံးအနှုန်းကြွယ်ဝလာခြင်း စသည့် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများစွာရရှိစေသည်။

## စာအုပ်စာပေ လူ့မိတ်ဆွေ

“စာဖတ်သောလူမျိုးသည် တိုးတက်၍ တိုးတက်သောလူမျိုးသည် စာဖတ်ကြလေသည်”ဟူသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးသန့်ပြောကြားခဲ့သော အဆိုအမိန့်သည် ထင်ရှားလှသည်။ မေ့လျော့နေသော အကြောင်းအရာ အဖြစ်အပျက်တို့ကို မိတ်ဆွေတို့ထံမေးမြန်းခြင်းဖြင့် ပြန်လည်အစဖော်နိုင်သကဲ့သို့ စာအုပ်အတွင်းမှ ပြန်လည်တူးဆွအစဖော်နိုင်သည်။ စာအုပ်စာပေတို့ကို မိမိ၏မိတ်ဆွေတစ်ဦးနှယ် မေးမြန်းနိုင်သည်။ မိမိမသိသည့်အသိပညာ၊ စကားလုံး၊ ခံစားမှုရသ စသည်တို့ကို သိစေအပ်သည့် မိတ်ဆွေကောင်းတစ်ဦးနှယ်ဖြစ်သည်။ မိမိအား ဆင်ခြင်တုံတရားကိုလည်း သင်ကြားပြောပြပေးသူဖြစ်သည်။ မိတ်ကောင်းဆွေကောင်း အမြဲရှိနေသလို မိမိလက်ဝယ် စာကောင်းပေမွန်တစ်အုပ်သည် အမြဲရှိနေသင့်သည်။ စာဖတ်သူတို့ ပျော်ရွှင်စေရန်၊ အသိအလိမ္မာရရှိရန်နှင့် အကျိုးအကြောင်းဆင်ခြင်နိုင်စေရန် စေတနာကိုအရင်းခံထား၍ ရေးသားထားသော စာအုပ်မှန်သမျှသည် မိမိ၏မိတ်ဆွေများပင်ဖြစ်သည်။

## စာဖတ်မှုကြီးပွား စာပေ၏ကျေးဇူးတရားများ

လူတိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြသည်။ စာဖတ်မှုအလေ့အကျင့်မရှိခြင်းသည် လူတစ်ဦးချင်းစီ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခက်အခဲများ ကြုံတွေ့နိုင်သည်။ စာအုပ်စာပေဖတ်ရှုမှုသည် မိမိဘဝကိုအကျိုးပြုသည်။ မြန်မာနိုင်ငံသည် ကမ္ဘာနှင့်ယှဉ်ပြိုင်နိုင်သည့် လူ့ဘောင်တည်ဆောက်နိုင်ရန် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်သဖြင့် ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ပညာတတ်များ၊ စာဖတ်သူများ မွေးထုတ်ပေးရန်လိုအပ်သည်။ ကမ္ဘာပေါ်ရှိဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတိုင်းသည် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ အွန်လိုင်းမီဒီယာများ၌ စာပေဖတ်ရှုနိုင်သည်ဖြစ်သော်လည်း အဆိပ်အတောက်သတင်းအချက်အလက်များ လွှမ်းမိုးနေသည်ဖြစ်၍ မိမိဘဝကို အကျိုးရှိစေမည့် စာပေများကိုသာ ရွေးချယ်ဖတ်ရှုလေ့လာရန်လိုအပ်သည်။ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုရန်လည်း လိုအပ်သည်။ စာသင်ကျောင်းများတွင် စာကြည့်တိုက်များဖွင့်လှစ်ပေးခြင်း၊ စာကြည့်တိုက်များကို အဆင့်မြှင့်တင်ပေးခြင်းဖြင့်လည်း စာဖတ်ရှိန်ကို မြှင့်တင်ပေးနိုင်သည်။

စာပေဖတ်ရှုရာတွင် အပျော်ဖတ်စာပေမှစတင်၍ ဗဟုသုတရရှိသည့် စာပေအထိ ဖတ်ရှုရန်လိုအပ်သည်။ မှန်ကန်ကောင်းမွန်သည့် အသိပညာများ စုဆောင်းရရှိထားခြင်းသည် ဘဝတစ်လျှောက်လုံး ဖြတ်သန်းမှုအတွက် အကျိုးရှိစေမည်ဖြစ်သဖြင့် လူတိုင်းစာဖတ်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရမည်ဖြစ်သည်။

“ကမ္ဘာပတ်စရာမလိုဘူး၊ စာဖတ်ရုံနဲ့ အကုန်သိနိုင်တယ်”ဟူ၍ စာဖတ်ခြင်းဖြင့် အရာရာသိရှိနိုင်ကြောင်းကို ဖော်ညွှန်းကြသည်။ စာဖတ်ခြင်းသည် အဆိုးမှအကောင်းကို ပြောင်းလဲစေနိုင်သည်။ “အလိမ္မာစာမှာရှိ”ဟုလည်း ဖော်ညွှန်းကြသည်။ “ကလေးတွေ စာဖတ်ကြလေ၊ ဒါမှ သူများထက်သာမှာ၊ သူများအလိမ်အညာမခံရမှာ”ဟူ၍ ဘိုးဘွား၊ လူကြီး၊ မိဘများက ကလေးသူငယ်၊ ကျောင်းသား ကျောင်းသူများကို ဆိုဆုံးမကြသည်။ စာပေနယ်၌ ထင်ရှားသော စာရေးဆရာကြီးအောင်သင်းက “ဘယ်သူတွေက ဘာပြောနေနေ မင်းကိုယ်ကိုမင်းချစ်ရင်ပညာသင်ပါ၊ စာဖတ်ပါ၊ တိုင်းပြည်နဲ့ လူမျိုးကိုချစ်ရင် ပညာသင်ပါ၊ စာဖတ်ပါ” ဟု ပြောကြားခဲ့သည်။

စာဖတ်ခြင်းဖြင့် လူတစ်ယောက်၏ အသိပညာ အပြည့်အစုံတိုးတက်လာသည်။ စာအုပ်များ၊ သတင်းစာများနှင့် အခြားစာရွက်စာတမ်းများကို ဖတ်ခြင်းဖြင့် အကြောင်းအရာများကို သေချာစွာသိရှိနိုင်သည်။ လက်ရှိကမ္ဘာ့အခြေအနေ၊ နည်းပညာများနှင့် ယဉ်ကျေးမှုဆိုင်ရာ အသိပညာများကို တိုးတက်စေသည်။

## စိတ်ခံစားမှု၊ မှတ်ဉာဏ်နှင့် စာပေအရေးအသားတိုးတက်ခြင်း

စာဖတ်ခြင်းသည် စိတ်ခံစားမှုကိုပိုမိုတိုးတက်စေသည်။ စာပေများကိုဖတ်ရှုခြင်းက စိတ်အတွင်းပိုင်းကို တိုးတက်စေပြီး ပတ်ဝန်းကျင်နှင့်ကောင်းမွန်သောဆက်ဆံရေးများ တည်ဆောက်နိုင်စေသည်။ စာဖတ်ခြင်းသည်စိတ်မှတ်ဉာဏ်ကိုတိုးတက်စေပြီး မေ့စေနိုင်သောအရာများကို စဉ်ဆက်မပြတ်မှတ်မိစေသည်။ လူတစ်ယောက်က အခြားသူများရေးသားထားသော အတွေးအခေါ်များကို ဖတ်ရှုခြင်းဖြင့် တီထွင်နိုင်စွမ်းပိုမိုရှိစေပြီး မျှတမှုနှင့် ကောင်းမွန်သောသဘောထားများကိုဖြစ်ပေါ်စေသည်။ ထို့ပြင် စာဖတ်ခြင်းကြောင့် လူများကို စကားပြောဆိုခြင်း၊ စာရေးခြင်း၌ ပိုမိုကျွမ်းကျင်လာစေသည်။ စာဖတ်ရာတွင် အသုံးပြုသော စကားလုံးများ၊ စာသုံးပုံများသည် လူတစ်ယောက်၏စကားပြောဆိုမှုနှင့် စာရေးမှုကို ပိုမိုတိုးတက်စေသည်။

စာအုပ်စာပေကို နားလည်အောင်ဖတ်၍ နားလည်လာသည်နှင့်အမျှ ဖတ်နေသည့်စာကို အရသာခံတတ်အောင် ဖတ်ရမည်ဖြစ်သည်။ အရသာရှိသော အစာကို အဖန်တလဲလဲစားချင်စိတ် ရှိလာသည့်နှယ် အရသာရှိသောစာကို ထပ်ခါထပ်ခါ ဖတ်ချင်စိတ်ဖြစ်အောင်လေ့ကျင့်ရမည်ဖြစ်သည်။ စာဖတ်များလာပါက ခြုံငုံနားလည်နိုင်စွမ်း မြင့်မားလာမည်ဖြစ်သည်။ စာကိုဝေဖန်ပိုင်းခြားဖတ်ရှုသည့် အလေ့အကျင့်ကောင်းကိုလည်း မိမိကိုယ်မိမိ ပြုစုပျိုးထောင်ပေးရပါမည်။ ဝေဖန်ပိုင်းခြားစွာ စာဖတ်သည့်အခါ ဖတ်ရှုနေသောစာသားကိုသာမက စာဖတ်နေသည့် မိမိကိုယ်မိမိ မေးခွန်းများ ထုတ်လာနိုင်မည်ဖြစ်သောကြောင့် ဝေဖန်ပိုင်းခြားနိုင်သောတွေးခေါ်မှုကို ထက်မြက်စေသည်။

စာဖတ်ခြင်းသည် လူတစ်ယောက်၏ နေ့စဉ်ဘဝအတွက် အရေးကြီးသော အကျိုးကျေးဇူးများရှိပြီး ဤအကျိုးကျေးဇူးများသည် နိုင်ငံတော်နှင့် ကမ္ဘာတစ်ဝန်းကို ဖွံ့ဖြိုးတိုးတက်အောင် ကူညီပေးသည်။ ထို့ကြောင့် ငယ်စဉ်ထဲက စာဖတ်သည့်အကျင့်လုပ်ပြီး လူ့စွမ်းအားဖွံ့ဖြိုး၍ အတွေးအခေါ်အမြော်အမြင် ဗဟုသုတများစွာ တိုးပွားရရှိနိုင်ရန် စာဖတ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ခန္တီးမြို့နယ် ကချင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများစစ်ဆေး

**ခန္တီး ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ ကင်းတော်ကျေးရွာအုပ်စု ကချင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇန်နဝါရီလ ၂၆ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခန္တီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဗိုလ်ဆန်း၊ ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာခင်နှင့်မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းနှင့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး အတိုးအရင်းများကို သတ်မှတ်ကာလအတွင်း ပေးဆပ်ကြရန်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာခင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါကျေးရွာ၌ မွေးမြူရေးလုပ်ကိုင်သူ ၃၂ ဦးအား ငွေကျပ် ၃၇ သန်းနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးအား ငွေကျပ် ၁၀ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇ သန်းထုတ်ချေးပေးထားကြောင်း ခန္တီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ထံမှ သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

# မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံအကြား စတုတ္ထအကြိမ် နိုင်ငံရေးရာဆွေးနွေးပွဲ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘရာဇီးလ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဘရာဇီးလ်နိုင်ငံ ဘရာဇီးလျားမြို့၌ ကျင်းပမည့် မြန်မာ-ဘရာဇီးလ်နှစ်နိုင်ငံအကြား စတုတ္ထအကြိမ် နိုင်ငံရေးရာဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ဘရာဇီးလ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးမင်းထွဋ် တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၆

အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိအကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) ဇေယျာသီဟခန်းမ၌ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမင်းထွဋ်က ၂၀၂၅ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ဆောင်ပုဒ်မှာ "Customs Delivering on its Commitment to Efficiency, Security and Prosperity" ဖြစ်ကြောင်း၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့ ဆောင်ပုဒ်နှင့်အညီ အကောက်ခွန်ဦးစီးဌာန အနေဖြင့် လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှုကွင်းဆက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အကောက်ခွန်ဦးစီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ၌ နည်းပညာပလက်ဖောင်းလမ်းကြောင်းတွင်ခေတ်မီနည်းပညာများဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရေးအတွက် ခေတ်နှင့်အညီ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးအတွက် အမြဲမပြတ်လေ့လာသင်ယူကြစေလိုကြောင်း၊ အကောက်ခွန်ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ ချမှတ်ထားသော မူဝါဒများနှင့် အကောက်ခွန်ဦးစီးဌာနက ချမှတ်ထားသည့် လမ်းညွှန်ချက်များကိုလိုက်နာပြီး အဂတိတရားကင်းစွာ နိုင်ငံတော်၏ လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က အမှာစကားပြောကြားပြီး အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဂုဏ်ပြုဆုရ ဘောလုံးအသင်း၊ သွေးလှူဒါန်းမှု အကြိမ် ၂၀ နှင့်အထက် ချီးကျူးဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းဆုရရှိကြသူများ၊ အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲများအလိုက် ဂုဏ်ပြုဆုရရှိကြသူများ၊ လုပ်ငန်းစွမ်းဆောင်ရည် ဂုဏ်ပြုဆုရရှိကြသူများ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုဆုရရှိကြသူများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အကောက်ခွန်ဝန်ထမ်း သားသမီးများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး ဇေယျာသီဟခန်းမရှေ့တွင် ခင်းကျင်းပြသထားသည့် အကောက်ခွန်ဦးစီးဌာန၏ တစ်နှစ်တာလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် အကောက်ခွန်သမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန၊ ရုံးအဆောက်အအုံဟောင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးကြောင်းသိရသည်။

(၅၀၀)

# ပြည်ပသို့ ရေငန်ပုစွန် တန်ချိန် ၅၉၄၆ ဒသမ ၁၈၇ တန် တင်ပို့ထား



ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံမှ ပနားမီးရေငန်ပုစွန်များ ပြည်ပသို့နှစ်စဉ်တင်ပို့လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒီဇင်ဘာလအထိ ရေငန်ပုစွန် တန်ချိန် ၅၉၄၆ ဒသမ ၁၈၇ တန်တင်ပို့ထားကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှသိရသည်။

"ပြည်ပဈေးကွက်ထိုးဖောက်ဖို့ မြန်မာ့ပနားမီးကို ကမ္ဘာက သိဖို့လိုပါတယ်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီရေငန်ပုစွန်မွေးမြူရာမှာ ရေငန်နှုန်းကျဆင်းတာကြောင့် ပုစွန်ကြီးထွားနှုန်းကျဆင်းတာ၊ ရောဂါပိုးဝင်တာတွေ ဖြစ်ခဲ့တာရှိပါတယ်။ ဒါကြောင့် မွေးမြူရေးလုပ်ငန်းရှင်တွေ အနေနဲ့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ မိုးရာသီကာလပုစွန်လျှော့မွေးပြီး နွေရာသီမှာ ပိုပြီးမွေးမြူထုတ်လုပ်ဖို့ ဆောင်ရွက်နေကြပါတယ်။ မွေးမြူမှုတိုးလာတဲ့အတွက် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်မှာပါ။ ပြည်ပဈေးကွက်လည်း ဒီထက်ပိုပြီးပွင့်လန်းဖို့ မျှော်လင့်နေပါတယ်" ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးသက်စိုးက ပြောသည်။

ရေလုပ်ငန်းရှင်များသည် ရေငန်ပုစွန်များကို ပြည်ပသို့တင်ပို့ရာတွင် တရုတ်နိုင်ငံသို့ ပြုတ်၍၊ ဂျပန်နိုင်ငံသို့အေးခဲ၍ တင်ပို့လျက်ရှိပြီး ပြည်ပသို့ လက်ရှိထက် ပိုမိုတင်ပို့နိုင်ရန် ပင်လယ်ပြင်ထွင်ဖမ်းဆီးမှုထက်တိုးချဲ့မွေးမြူရေးကို ဆောင်ရွက်လိုကြသည်။

ထို့ပြင် ရေငန်ပုစွန်မွေးမြူမှုအတွက် ပုစွန်သားပေါက်နှင့် အစာအား ထိုင်းနိုင်ငံမှ နှစ်စဉ်ဝယ်ယူနေရသည့်အတွက် နိုင်ငံတော်နှင့် မွေးမြူထုတ်လုပ်သူများ ရေရှည်အကျိုးစီးပွားရရှိရန် လုပ်ငန်းရှင်များသည် နည်းပညာအကူအညီဖြင့်ပြည်တွင်း၌ သားဖောက်မွေးမြူထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၊ ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့တွင် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) စနစ်နှင့်အညီ ပနားမီးပုစွန်ဖြူများကို ၂၂၁၇ ဒသမ ၅၆ ဧကဖြင့် မွေးမြူထုတ်လုပ်လျက်ရှိကြောင်းသိရပြီး ထားဝယ်ခရိုင် သရက်ချောင်း၊ မြိတ်ခရိုင် မြိတ်၊ ပုလော၊ ကျွန်းစုမြို့နယ်၊ ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်၊ ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်တို့တွင် ခွင့်ပြုမိန့်ဖြင့် တိုးချဲ့ ၂၆၆၂ ဒသမ ၆၈ ဧကနှင့် ကျွန်းစုမြို့နယ်တွင် ၃၉၀ ဒသမ ၁၂ ဧက မွေးမြူမှုရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

ဓာတ်ပုံ- ကနူး

ညိမ်းသူ(သတင်းစဉ်)

## တနင်္ဂနွေနေ့ ဘောလုံးပွဲရလဒ်များ

**အင်္ဂလန်ပရီးမီးယားလိဂ်**

| | | |
|---|---|---|
| ပဲလေ့ | ၁-၂ | ဘရန့်ဖို့ဒ် |
| စပါး | ၁-၂ | လက်စတာ |
| မန်စီးတီး | ၃-၁ | ချဲလ်ဆီး |

**စပိန်လာလီဂါ**

| | | |
|---|---|---|
| ဆီဗီလာ | ၁-၁ | အက်စပန်ညို |
| ဗယ်လာဒိုးလစ် | ၀-၃ | ရီးယဲလ် |

**ဂျာမန်ဘွန်ဒက်လီဂါ**

| | | |
|---|---|---|
| ဂလာဘတ် | ၃-၀ | ဘိုချမ်း |
| ဟော့ဖန်ဟိမ်း | ၂-၂ | ဖရန့်ဖတ် |

**အီတလီစီးရီးအေ**

| | | |
|---|---|---|
| အမ်ပိုလီ | ၁-၁ | ဘိုလော့နာ |
| အေစီ | ၃-၂ | ပါးမား |

# MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲတွင် ရှိုင်ရယ်ရန်ကုန်အသင်း သုံးပွဲဆက်အနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၂၄-၂၀၂၅ ရာသီ MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) ဒုတိယနေ့ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ကျင်းပရာ ရှိုင်ရယ်ရန်ကုန်အသင်း သုံးပွဲဆက် အနိုင်ရရှိသည်။

ဒုတိယနေ့တွင် ရွှေပြည်သာယူနိုက်တက်အသင်းက ရန်ကုန်တောင်ဇလပ်အသင်းကို လေးဂိုးဂိုးမရှိ၊ ရှိုင်ရယ်ရန်ကုန်အသင်းက Mar Rein အသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ပွဲစဉ် (၂) အပြီး နှစ်ပွဲဆက် အနိုင်ရထားသည့်နှစ်သင်း ထိပ်တိုက်တွေ့ဆုံရာတွင် ရှိုင်ရယ်ရန်ကုန်အသင်းအနိုင်ရပြီး ထိပ်ဆုံးသို့ တက်လှမ်းနိုင်ခဲ့သည်။ ပွဲစဉ် (၃) အပြီးတွင် ရှိုင်ရယ်ရန်ကုန်အသင်းက ကိုးမှတ်၊ အာသာဝတီအသင်း၊ Mar Rein အသင်း၊ Southrn Yangon Star အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က ခြောက်မှတ်စီ၊ Burmese Youth အသင်းနှင့် မင်္ဂလာဒုံစီးတီးအသင်းတို့က လေးမှတ်စီ၊ The Honour အသင်းနှင့် မြသီတာအသင်း၊ Golden Light United အသင်း၊ Yangon Focus အသင်းတို့က သုံးမှတ်စီရရှိထားပြီး ရန်ကုန်တောင်ဇလပ်အသင်းက သုံးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

ကိုညီလေး

# ကျောက်ပန်းတောင်းမြို့နယ် သီရိမင်္ဂလာရပ်ကွက်အတွင်း မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများစစ်ဆေး

ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇန်နဝါရီလ ၂၆ ရက်တွင် သီရိမင်္ဂလာရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းမြင့်က မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် မီးချိတ်၊ မီးကပ်များထားရှိရန်၊ သဲ၊ ရေ၊ လေ့ကားများ အဆင်သင့်ထားရှိရန်၊ မီးဖိုမီးသုံးစွဲရာတွင် မြေကျင်းတူးသုံးစွဲကြရန်၊ လျှပ်စစ်မီးနှင့်ချက်ပြုတ်ပါက မီးကြိုးများ၊ မီးခုံများကြံ့ခိုင်မှုရှိစေရန်၊ မီးလောင်မှုဖြစ်ပွားပါကလည်း မီးသတ်ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားအသိပေးကြရန်နှင့် မီးသတ်ဆေးဘူးများထားရှိကြရန်တို့ကို အသိပညာပေးပြောကြားသည်။

ယင်းနောက် ရပ်ကွက်တာဝန်ရှိသူများက မီးဘေးလုံခြုံရေးအတွက် မီးသတ်ဦးစီးဌာနမှ အကြံပြုချက်များကို အချိန်နှင့်တစ်ပြေးညီ လိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးမှာကြား၍ မီးသတ်တာဝန်ရှိသူများက မီးဖိုမီးသုံးစွဲနေမှုအခြေအနေ၊ မီးဘေးလုံခြုံရေး ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် မီးလောင်လွယ်ပစ္စည်းများ သိုလှောင်သိမ်းဆည်းထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည့်အကြံဉာဏ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ဓမင်းဆိပ်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်





သံဃာတော်များအား တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၆

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ဓမင်းဆိပ်ကျေးရွာသို့ရောက်ရှိရာ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဖျာပုံမြို့နယ်၊ ဓမင်းဆိပ်ကျေးရွာရှိ ဆုတောင်းပြည့်အဏ္ဏဝါဦးစေတီတော်မြတ်၌အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၃၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၃ ဦး၊ ခွဲစိတ်ရောဂါ ၂၀ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၂၀ ဦး၊ အရိုးရောဂါ ၆၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀ ဦး၊ မျက်စိရောဂါ ၁၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၀ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၇ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၈ ဦးတို့ကိုနီးစပ်ရာ တပ်မတော်ဆေးရုံများသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။







ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

“ကျွန်တော်ကအဆစ်အမျက်ရောဂါရှိလို့ လာရောက်ပြသခြင်းဖြစ်ပါတယ်။ အဆစ်အမျက်နာနေတာတော့ လေးငါးခြောက်နှစ်ရှိပါပြီ။ အခုတော့ကျန်းမာရေးအရ မြို့တွေဘာတွေသွားမပြဘဲ အခုလို အလွယ်တကူပြလို့ရတဲ့အတွက် အရမ်းပဲကျေးဇူးတင်ပါတယ်။ အခမဲ့လာကုသပေးတဲ့ ဆရာဝန်ကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်” ဟု ပြောသည်။

“အရိုးအကြောကိုပြမှာပါ။ ပြောရမယ်ဆိုရင် ဒီမှာကအကုန်လုံးကအဆင်ပြေပါတယ်။ ချော်လဲထားတော့ အရိုးအဆစ်ကနာတာ အခုလက်ကနောက်ကိုပစ်လို့မရဘူး။ ကျွန်မတို့ဆီမှာက အရိုးအကြောဖြစ်တာများတယ်။ မျက်စိနဲ့ပတ်သက်တဲ့ရောဂါတွေဖြစ်တာများတယ်။ ဆေးရုံ၊ ဆေးခန်းတွေသွားမယ်ဆိုရင် ကုန်ကျစရိတ်တွေကအများကြီးရှိတယ်။ ဒီမှာကျတော့ ကုန်ကျစရိတ်အများကြီးသက်သာမယ်။ အဝေးကို သွားမပြနိုင်တဲ့လူတွေအတွက်ကတော့ အများကြီးအဆင်ပြေပါတယ်။ အခမဲ့ကုသပေးတဲ့အတွက် အကုန်လုံး၊ အားလုံးအဆင်ပြေပါတယ်။ ကျွန်မတို့ဘက်ကလည်း နိုင်ငံတော်အကြီးအကဲရဲ့စီစဉ်ညွှန်ကြားမှုနဲ့ အခုလိုလာရောက်ကုသပေးတဲ့အတွက်လည်း အများကြီးကျေးဇူးတင်ပါတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ လှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ်လို့လည်း ပြောချင်ပါတယ်”ဟု ပြောသည်။

(၁၀၀)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန်နှင့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး ဆောက်လုပ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့သို့ ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၂၁ ရက်တွင် ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် သံတမန်ဆက်ဆံရေးတည်ဆောက်ခဲ့သည်မှာ (၇၅) နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အမျိုးသားနယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းမူဘောင် (National Spatial Development Framework Plan)ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မြို့ပြနှင့်ကျေးလက်ဒေသများ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန် Town Plan များရေးဆွဲပေးခြင်း၊ စက်မှုဇုန်များအတွက် ပင်မစီမံကိန်းများရေးဆွဲပေးခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အလားအလာကောင်းများရှိသော မြန်မာနိုင်ငံ မြို့ပြဖွံ့ဖြိုးရေးကဏ္ဍ၊ လမ်းနှင့် တံတားတည်ဆောက်ရေးဆိုင်ရာ ခေတ်မီနည်းပညာများဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆွေးနွေးလိုကြောင်း ပြောကြားသည်။

ထို့နောက် ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန် မစ္စတာကျန်းတွမ်ထောင်က မြန်မာနိုင်ငံသည် အိမ်နီးချင်းကောင်းဖြစ်ကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုကို တန်ဖိုးထားကြောင်း၊ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ချုံချင့်မြူနီစီပယ်အစိုးရအနေဖြင့် ဆောက်လုပ်ရေးကဏ္ဍအပါအဝင် နယ်ပယ်စုံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဆောင်ရွက်ရန်ရည်ရွယ်ထားကြောင်း၊ ချုံချင့်မြို့သို့ရောက်ရှိစဉ် တရုတ်နိုင်ငံမှ ဆောက်လုပ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၊ နည်းပညာကုမ္ပဏီကြီးများနှင့် တွေ့ဆုံ၍ ဆွေးနွေးစေလိုကြောင်း၊ ချုံချင့်မြို့နှင့်ပတ်ဝန်းကျင်အား လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချုံချင့်မြူနီစီပယ်အစိုးရ ကုန်သွယ်ရေးဌာနသို့သွားရောက်ပြီး ချုံချင့်မြို့ စီးပွားရေးရာကော်မရှင်ညွှန်ကြားရေးမှူးချုပ် မစ္စတာကျန်းရုံဝူနှင့်တာဝန်ရှိသူများ၊ ချုံချင့်မြို့ နိုင်ငံခြားရေးဌာနနှင့်မြို့ပြစီမံကိန်းနှင့်သဘာဝ သယံဇာတဗျူရိုမှတာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကော်မရှင်မှတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိနှင့်အတူ မြန်မာနိုင်ငံ၏အခြေခံအဆောက်အဦ တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းရှင်များအတူပါရှိလာကြောင်း၊ ဆောက်လုပ်ရေးကဏ္ဍအပါအဝင် ဘက်စုံထောင့်စုံ ဆွေးနွေးစေလိုကြောင်းပြောကြားပြီး ချုံချင့်မြူနီစီပယ်အစိုးရ စီးပွားရေးရာကော်မရှင်ညွှန်ကြားရေးမှူးချုပ် မစ္စတာကျန်းရုံဝူက တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ပထဝီဝင်အရ ဖြစ်တည်မှုအခြေအနေ၊ ပူးပေါင်းဆောင်ရွက်နိုင်သည့် စီးပွားရေးနှင့် အခြေခံအဆောက်အဦဆိုင်ရာတို့ကို ဆွေးနွေးကာ တက်ရောက်လာကြသော တရုတ်နိုင်ငံမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချုံချင့်မြို့နှင့် ရှန်းကျန့်မြို့များသို့ ရောက်ရှိစဉ် အမြန်လမ်းမကြီးများ တည်ဆောက်ထားရှိမှုနှင့် ကွပ်ကဲဆောင်ရွက်နေသည့်အခြေအနေများ၊ တံတားတည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းခွင်များ၊ မြို့တွင်းလမ်းမများတွင် သစ်ပင်ပန်းမန်၊ လူသွားစင်္ကြံပလက်ဖောင်းများဆောင်ရွက်ထားရှိသည့် အခြေအနေများ၊ ပလက်ဖောင်းကပ်တုံးများထုတ်လုပ်ဖြန့်ဖြူးသည့် စက်ရုံအလုပ်ရုံများ၊ မြို့ပြနှင့် အိမ်ရာတည်ဆောက်ရေးဆိုင်ရာစီမံကိန်းလုပ်ငန်းခွင်များသို့ သွားရောက်လေ့လာခဲ့ကြပြီး ကွမ်ကျိုးမြို့မှတစ်ဆင့်ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ယနေ့တွင် ပြည်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)






● ကျောဖုံးမှအဆက်

နဂါးအကအလှပြိုင်ပွဲများ၊ နာမည်ကျော်တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ အပျော်စီးလှေ၊ ကလေးကစားကွင်းများနှင့် အလှဓာတ်ပုံရိုက်ရန် ဖန်တီးပေးထားသည့် အစီအစဉ်များပါရှိကြောင်းနှင့် အဆိုပါဈေးပွဲတော်ကို ဇန်နဝါရီလ ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကိုကိုဇော်-MNA




# MNL ပြိုင်ပွဲတွင် ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ဂိုးပြတ်နိုင်ပွဲရယူ

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) တတိယနေ့ကို ယနေ့တွင် သုဝဏ္ဏကွင်း၌ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို ၅ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိသည်။

ဇယားထိပ်ဆုံးတွင် အမှတ်ဖြတ်ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးပြတ်နိုင်ပွဲတစ်ပွဲ ထပ်မံရယူနိုင်ခဲ့သည်။ မြဝတီအသင်းသည် ဇယားအောက်ဆုံးရောက်နေသည့်အပြင် တန်းဆင်းဇုန်မှလွတ်ရန် အမှတ်လိုနေသဖြင့် ရုန်းကန်ခဲ့သော်လည်း ဦးဆောင်ဂိုးမထိန်းနိုင်သဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့ရသည်။

ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများ ဆက်တိုက်ကစားနေရသည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းအပြောင်းအလဲပြုလုပ်ခဲ့ပြီး ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့သလို မြဝတီအသင်းကလည်း လူစုံအသုံးပြုခဲ့သည်။ ပထမပိုင်းတွင် မြဝတီအသင်း၏ ရုန်းကန်မှုကြောင့် ရှမ်းယူနိုက်တက်အသင်း ထင်တိုင်းမပေါက်ဖြစ်ခဲ့ပြီး ၃၅ မိနစ်တွင် နိုင်ဇင်ထက်က မြဝတီအသင်းအတွက်ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ သို့သော် ပထမပိုင်းပြီးခါနီးတွင် ထက်ဖြိုးဝေက ရှမ်းယူနိုက်တက်အတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ကစားသမားပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး အနိုင်ဂိုးများ ဆက်တိုက်သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၆၁၊ ၆၇ မိနစ်တွင် ရင်တာရို၊ ၇၆ မိနစ်တွင် ရဲရင့်အောင်နှင့် ၉၀+၂ မိနစ်တွင် ကျော်ကိုကိုတို့က သွင်းယူခဲ့သည်။

ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက် တိုက်စစ်ကစားသမား ထက်ဖြိုးဝေကရရှိသည်။

ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၇ ပွဲကစား ၄၉ မှတ်၊ မြဝတီအသင်းက ၁၇ ပွဲကစား ငါးမှတ် ရရှိထားသည်။

ပွဲစဉ်(၁၇) စတုတ္ထနေ့အဖြစ် ဇန်နဝါရီလ ၂၇ ရက်**(ယနေ့)**တွင်သုဝဏ္ဏကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တိပိဋကပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်း ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်က ဆောင်ရွက်လျက်ရှိသည့် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခြင်းလုပ်ငန်း ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။



အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ဘာသာပြန်ဆိုရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်ဆရာတော်များကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်က အဖွင့်ဩဝါဒကထာ မိန့်ကြားတော်မူပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အနေဖြင့် အဘိဓာန်ကျမ်းစာအုပ်များအား ၂၀၁၇ ခုနှစ်တွင် VOLUME-I (A-U!urāja) အား ပထမအကြိမ်အဖြစ် အုပ်ရေ ၁၀၀၀၊ ၂၀၂၃ ခုနှစ်တွင် VOLUME-II (Ka-Kvaci) အား အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထုတ်ဝေပြီးဖြစ်သော VOLUME-II အတွဲအမှတ် ၅ မှ ၈ အထိတွင် စာအုပ်အဖြစ်ထုတ်ဝေရန်ကျန်ရှိနေသည့် တည်ပုဒ်ပေါင်း ၃၀၀၂ ပုဒ်အား VOLUME-III အဖြစ် ထုတ်ဝေနိုင်ရန်လည်းကောင်း၊ အတွဲအမှတ် ၉ မှ ၁၂ အထိ ဘာသာပြန်ဆိုရန် ပုဒ်ပေါင်း ၄၃၉၀ ရှိသည့်အနက် ဘာသာပြန်ဆိုပြီး ပုဒ်ပေါင်း ၃၈၀၅ ပုဒ်တို့ကိုလည်း ပိုမိုသန့်စင်သည့် ဘာသာပြန်ဆိုပြီးသော တည်ပုဒ်များအဖြစ်လည်းကောင်း စိစစ်ဆောင်ရွက်လျက်ရှိသည်ကိုသိရှိရကြောင်း၊ ယခုဆောင်ရွက်လျက်ရှိသော လုပ်ငန်းကြီးမှာ ထေရဝါဒဗုဒ္ဓသာသနာ ကမ္ဘာသို့ပျံ့နှံ့စေရန် လွန်စွာမှပင် အထောက်အကူပြုသည့် "ရတနာသိုက်ကြီးတစ်ခု"ကို ဖန်တီးတည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အဋ္ဌကထာ၊ ဋီကာကျမ်းစာအုပ်များပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများ၊ ပိဋကတ်သုံးပုံ ပါဠိတော်အား အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနိုင်ရေးလုပ်ငန်းများ၊ တိပိဋက ပါဠိ-မြန်မာအဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်းများနှင့် သဗ္ဗဓေယျမင်္ဂလာပရိတ်တော်နှင့် ပါဠိ-မြန်မာ ဗုဒ္ဓစာပေများပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းများအား ဆောင်ရွက်ရာမှာ စေတနာရှင် ရဟန်းရှင်လူပြည်သူများ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ အလှူငွေများ ရရှိစေရန်အတွက်လည်း ပြည်တွင်းပြည်ပမှ အလှူရှင်များအား မိမိတို့ဆောင်ရွက်လျက်ရှိသော "သမိုင်းတွင်မည့်မဟာကုသိုလ်တော် လုပ်ငန်းကိစ္စရပ်များ" အကြောင်း ပိုမိုကျယ်ပြန့်စွာသိရှိစေရန်အတွက် လက်ကမ်းစာစောင်များအား အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း အရေအတွက် ထောင်နှင့်ချီ၍ ရိုက်နှိပ်ဖြန့်ဝေလျက်ရှိကြောင်း၊ အလှူရှင်များကလည်း စေတနာထက်သန်စွာဖြင့် ဝန်ကြီးဌာနသို့ အလှူငွေများ ပေးပို့လှူဒါန်းလျက်ရှိကြောင်း၊ သို့ဖြစ်ရာ ယခုဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်ကိစ္စရပ်များအား ဝိုင်းဝန်းသုံးသပ်ဆွေးနွေးပေးတော်မူကြပါရန် လျှောက်ထားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဇော်ဇော်ဦးက တိပိဋက ပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခြင်းလုပ်ငန်း တိုးတက်မှုများကို ရှင်းလင်းတင်ပြလျှောက်ထားရာ အစည်းအဝေးတက်ရောက်လာကြသည့် ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော်နှင့် ပါမောက္ခဆရာတော်များက ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ ဖြည့်စွက်ဆွေးနွေးလျှောက်ထားပြီး ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားတော်မူသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီမှ သင်ကြားဆရာတော်၊ သီလရှင်များကို နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## အများအားဖြင့် သာယာမည်

၂၇-၁-၂၀၂၅

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ (မိုး/ဇလ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကျိုင်းတုံမြို့၊ ကောင်းကံရွာရှိ အမေ့ရင်ခွင်ကျောင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ကောင်းကံကျေးရွာရှိ အာခါတိုင်းရင်းသား ပရဟိတ အမေ့ရင်ခွင်ကျောင်း၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် အဆိုပါ ပရဟိတကျောင်း၌ ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ အာခါတိုင်းရင်းသားအကြီးအကဲဦးမင်းညို၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာခါရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံအာခါတိုင်းရင်းသားများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမေ့ရင်ခွင်ကျောင်း ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အထိမ်းအမှတ်ကျောက်စာတိုင်အား အမွှေးနံ့သာရည်များပက်ဖျန်းခဲ့ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လမ်းသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများက အမေ့ရင်ခွင်ကျောင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# The congratulatory message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to Sayadaw Setthañanalankara, the 17th Tipitakadhara Tipitakakovida title recipient in the 77th Tipitakadhara Tipitakakovida Selection Examination

## 25 January 2025

I respectfully submit this application.

I have known that this year's Tipitakadhara Tipitakakovida Selection Examination is being held at Maha Pasana Cave, which is a prominent monument of the 6th Buddhist Synod on Kaba Aye Hill in Yangon at the late of last year and in the early this year.

As my aspiration, I humbly wish for the emergence of venerable monks who will achieve the esteemed titles of Tipitakadhara and Tipitakakovida titles in the Tipitakadhara Tipitakakovida Selection Examination, which is one of the most prestigious and longest-running examinations, not only in Myanmar but also in the world.

Therefore, I eagerly awaited the final decision and announcement of the examination results from the Sayadaws of Tipitakadhara Tipitakakovida Selection Committee. This year, the examinee Sayadaw successfully passed two profound and intricate treatises namely Yamaka and Pathana which are the two last treatises of Abhidhamma Pitaka during the 77th examination. As a result, the examinee Sayadaw will receive the esteemed title of Tipitakadhara Tipitakakovida, along with the exam pass certificate, and a religious flag bearing the picture of honorary three-tier white umbrella with a yellow pivot. This brings an immeasurable sense of pride and joy, akin to experiencing boundless delight.

According to information from the Ministry of Religious Affairs and Culture, the revered monk was born in Ywabugyi Village, YeU Township, Sagaing Region. In 1361 Myanmar Era, he was ordained as a noble monk under the preceptor Venerable Bhaddanta Indacara of the Sawbwalay Monastery, located at 7th-mile in Mayangon Township, Yangon Region. The revered monk has passed the Ganavacaka Samanekyaw, the Pariyatti Sasanalankara Samanekyaw, the Pariyatti Saddhammarekkhita Samanekyaw, the Mingalabyuha Samanekyaw, the Pariyatti Sasanahita Samanekyaw titles. He also stood the first in the Pahtamagyi (senior Pariyatti exam) in Yangon Region as well as the second in the entire nation in 1361 ME, then Sasanadhaja Dhammacariya, Nikayujjotaka Vinayadhara Dhammacariya, Nikayujjotaka Atthavisarada Dighabhanaka, Nikayavuddhisamiti Vinayakovida, Nikayavuddhisamiti Dighanikayakovida, Pariyatti Sasanahita Vinayadhara, Pariyatti Sasanahita Dighabhanaka, Monastery's Examination for Maha Ganthavamsa Dighagama, Mahaganthavamsa Mula Abhidhammagama, Vinayavidu, Dighanikayavidu, Abhidhammavidu-1/2, Vinayadhara, Vinayakovida, Dighabhanaka, Dighanikayakovida, Mula Abhidhammika, and Mula Abhidhammakovida titles. In continuously making efforts, the revered monk vigorously studied five Vinaya treatises, three Sutanta treatises and seven Abhidhamma treatises which are Tri Pitaka treatises starting from the 70th Tipitakadhara Tipitakakovida Selection Examination since 1379 ME. During the set period, the monk could orally recite relevant treatises and secured the Abhidhammika title and Tipitakadhara title.

In the time of the State Administration Council this year, the Sayadaw passed complex and profound meanings in Atthakatha, Tika, Anutika, Yojana, Ganti, and Nissaya which are modified texts of the curriculum in the 77th Tipitakadhara Tipitakakovida Selection Examination through the power of the faith, mindfulness, concentration, and wisdom. As such, the Sayadaw would accept the Tipitakadhara Tipitakakovida title to be offered by the State. The venerable Sayadaw is lecturing religious scriptures to the disciples, monks, and members of the Sangha for the preservation and propagation of the Pariyatti Sasana (the study of Buddha's teachings). It is our wish and prayer that these noble religious activities may continue to be carried out with good health and well-being. On this occasion, as Sayadaw has achieved the prestigious title of Tipitakadhara Tipitakakovida and now becomes the 17th Tipitakadhara Tipitakakovida Sayadaw, a great stalwart of the Buddhism, we express our utmost joy and pride with deep reverence.

Min Aung Hlaing
Senior General
Chairman
State Administration Council

# Khamti Township harvests over 8,000 acres of rain-fed rice

KHAMTI January 26

A total of 8,279 acres of rain-fed rice planted in this year rain crops planting season have been harvested in Khamti Township, Khamti District, Sagaing Region, according to statistics from the Department of Agriculture for Khamti Township.

It is reported that 8,279 acres of rain-fed rice were planted in Khamti Township during this year's rain-fed crops planting season, and 8,279 acres of rain-fed paddy fields have been harvested since October this year, with a yield of 67.60 baskets per acre.

"We are providing the necessary technology and varieties to grow rain-fed rice. We are conducting field work so that the farmers can plant rain-fed rice on time," said Daw Su Su Khaing, head of the Department of Agriculture for Khamti Township.

If the farmers in Khamti Township are able to achieve the target yield per acre, not only will the country's consumption be self-sufficient, but it will also be able to increase production as an export.

**SMK**

# Ayadaw Township harvests over 14,000 acres of rain-fed green beans

AYADAW January 26

A total of 14,054 acres of green beans planted in this year's rainy season have been harvested in Ayadaw Township, Monywa District, Sagaing Region, according to statistics from Department of Agriculture for Monywa District.

The cultivated green bean fields were harvested from August of this year until today and 1,685 acres of pre-rain-fed green beans yielded 12.74 baskets per acre and 12,369 acres of rain-fed green beans produced 13.33 baskets per acre.

"We provided education to expand green bean cultivation and to use good varieties to improve yields," said Daw San San Myint, head of the Department of Agriculture for Monywa District.

This year, the Township Department of Agriculture will encourage green bean growers in Ayadaw Township to find good varieties suitable for the region, to obtain a clean breed and correct planting method, to control pest and to use fertilizers properly, and to raise awareness about yield improvement.

**SMK**

# State Administration Council

# Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# Myinmu Township finishes cultivation of butter bean on more than 1,000 acres of croplands

MYINMU January 26

Local farmers have so far planted 1,379 acres of butter bean as cold season crops in Myinmu Township of Sagaing Region, according to the statistics of Sagaing District Agriculture Department.

In 2024-2025 cold season, the township plans to grow 1,963 acres of butter bean but farmers planted 1,379 acres of crops, against the target cultivation.

Daw Thida Lwin, Head of Sagaing District Agriculture Department said: "So far, farmers have planted 1,379 acres of butter bean against the target of 1,963 acres this cold season. Farmers prefer to grow butter bean in cold season rather than monsoon. Now, butter bean plantations are thriving in the farms. Local farmers emphasize cultivation of butter bean due to high prices."

Farmers grow butter bean as mixed-cropping patter or separately for earning increased incomes for their families.

Officials of the Township Agriculture Department help local farmers use quality strains of crops and apply agricultural technology give training to farmers to prevent pasts and make natural fertilizers with the use of domestic products.

**SK**

# Bamauk Township cultivates over 11,000 acres of winter groundnuts

BAMAUK January 26

A total of 11,255 acres of groundnuts have been planted in Bamauk Township, Katha District, Sagaing Region in this year winter crops planting season, according to statistics from the Department of Agriculture for Katha District.

During the 2024-2025 winter crops planting season, 12,822 acres of groundnuts have been earmarked for planting in Bamauk Township, and since October this year, 11,255 acres have been planted.

"We are working to reach the target area for groundnut cultivation. As for the oilseed crop, we are in a successful position. Groundnut cultivation is improving year by year," said U Myint Soe, head of the Department of Agriculture for Katha District.

One acre of groundnuts is planted with half a basket of seeds, and it costs more than Ks-200,000 including the cost of seeds, labour charges, fertilizer and pesticide costs, and if one acre is planted, it yields more than 50 baskets.

**SK**

# Homalin Township finishes cultivation of vegetables on more than 2,000 acres of croplands

HOMALIN January 26

A total of 2,895 acres of croplands have been placed under vegetables in Holamin Township of Sagaing Region, according to the Homalin Township Agriculture Department.

Local authorities earmarked cultivation of 2,850 acres of vegetables in the township but farmers planted 2,895 acres against the target cultivation in 2024-2025 cold season.

Daw Su Su Htwe, Head of Homalin Township Agriculture Department stated: "Farmers grew 2,895 acres of vegetables exceeding the target of 2,850 acres in Homalin Township. Farmers emphasize cultivation of mustard, chilli, spicy, potato, cabbage, eggplant, cauliflower, Chinese cabbage, lady-finger and other crops. Our department helped farmers use GAP system in growing crops and raised farmer awareness to produce healthy vegetables with least chemical residues."

Officials of the Township Agriculture Department conducted the training courses for local farmers to grow vegetables in GAP system and produce healthy crops as well as expand sown acreage of vegetables.

Thanks to thriving of vegetable crops, local farmers in Homalin Township are convenient in operating their livelihoods and earn increased incomes for their families. Officials of the Township Agriculture Department disseminate techniques of making natural fertilizers and pests with the use of domestic raw materials.

**SMK**

# Trump believes Gaza refugees could be resettled to other Arab countries

MOSCOW January 26

US President Donald Trump announced the possibility of resettling refugees from the Gaza Strip in a number of Arab countries, both temporarily and in the long term.

"It's literally a demolition site, almost everything is demolished and people are dying there so I'd rather get involved with some of the Arab nations and build housing at a different location where they can maybe live in peace for a change," Trump told reporters from the White House pool on board Air Force One, adding that resettlement of Gaza refugees could be either temporary or long-term.

Earlier, media reported, citing an unnamed official, that the Trump administration was considering how to restore Gaza, as well as where about 2 million Palestinians could be resettled in the meantime. According to the channel, Indonesia could be one of the places where Gaza residents could be resettled. In response to these reports, the Indonesian Foreign Ministry stated that Jakarta was not aware of such plans.

**Sputnik**

# 11 killed, 83 injured by Israeli gunfire in S. Lebanon



11 killed, 83 injured by Israeli gunfire in S. Lebanon.

BEIRUT January 26

The death toll from Israeli gunfire targeting crowds of Lebanese trying to return to their homes in southern Lebanon has risen to 11, with 83 others injured, the Lebanese Health Ministry said on Sunday.

Ten of the eleven victims were civilians trying to return to their still-occupied hometowns along Lebanon's southern border with Israel, while the eleventh was a soldier killed in al-Dhahira, also in southern Lebanon.

"Conditions are not yet in place for the safe return of citizens to their villages along the Blue Line," Chief of the United Nations Interim Force in Lebanon (UNIFIL) Aroldo Lazaro Saenz, and United Nations Special Coordinator for Lebanon Jeanine Hennis-Plasschaert, said on Sunday in a joint statement following the incident.

"Displaced communities, already facing a long road to recovery and reconstruction, are therefore once again being called on to exercise caution."

Meanwhile, Lebanese President Joseph Aoun urged residents of southern Lebanon on Sunday to exercise restraint and trust the Lebanese Armed Forces to safeguard security and sovereignty.

"This is a day of triumph for justice, sovereignty, and national unity," he said in a statement released by Lebanon's Presidency, calling on citizens to remain composed and rely on the military to ensure their safe return to their homes and towns.

Sunday marks the end of a 60-day deadline for Israel's withdrawal from Lebanese territories. Under a ceasefire agreement reached in late November after months of conflict between Israel and the Lebanese armed group Hezbollah, the Lebanese army would take control of the areas south of the Litani River, ensuring its security and preventing any presence of weapons and militants.

**Xinhua**

# Putin congratulates India on National Holiday, commits to bolster 'Fruitful' ties



Putin congratulates India on National Holiday, commits to bolster 'Fruitful' ties.

MOSCOW January 26

Russian President Vladimir Putin sent on Sunday a congratulatory telegram to Indian President Droupadi Murmu and Prime Minister Narendra Modi on the occasion of India's national holiday, saying that by joint efforts the countries will increase fruitful bilateral cooperation in all fields.

"Russian-Indian relations have the character of a particularly privileged strategic partnership. I am confident that through joint efforts we will continue to consistently build up fruitful bilateral cooperation in all areas, as well as constructive interaction in international affairs. This undoubtedly meets the fundamental interests of our friendly peoples and is in line with the formation of a fair multipolar world order," the telegram read.

Indian constitution, which came into force 75 years ago, laid the foundation for building effective state institutions and free democratic development of the country, the telegram also said. Since then India has achieved universally recognized successes in socio-economic, scientific, technical and other fields and "has gained well-deserved authority on the world stage," Russian leader added.**Sputnik**

# Chinese museums draw global interest at New York travel show

NEW YORK January 26

A selection of Chinese museums showcased their cultural heritage at the New York Travel & Adventure Show on Saturday, aiming to attract international visitors to China.

The two-day event attracted over 550 travel providers from around the world. The China booth, organized by the China National Tourist Office in New York and New York City's Memor Museum, featured interactive experiences such as virtual reality views of artifacts from the ancient archaeological site of Sanxingdui in China's Sichuan Province.

"I love everything related to Chinese history and culture, and I'm excited to make more people learn it," said Kristen Martucci, a guide from the Memor Museum who has visited China three times.

Visitors like Mohammed Kothekar from India expressed strong interest in China's cultural offerings. "There are so many unique and beautiful things here, and I'm really looking forward to traveling to these museums," Kothekar said.

China recently introduced new policies to boost tourism, including a 240-hour visa-free transit policy at 60 open ports.

**Xinhua**

# Rescuers recover 9 bodies of fishermen killed after gusty winds swept across Lake Rukwa in Tanzania

DAR ES SALAAM January 26

Rescuers on Saturday recovered nine bodies of 10 fishermen who went missing on Friday after gusty winds swept away their fishing boats in Lake Rukwa in Tanzania, according to local authorities.

In a telephone interview with Xinhua, NyakiaChirukile, commissioner of Sumbawanga District in Rukwa Region, told Xinhua that the 540 fishermen were rescued after the gusty winds swept across the lake.

Chirukile said a team of rescuers, including 36 divers from the Tanzania Fire and Rescue Force, was still searching for one more missing fisherman.

He said the government released an army helicopter on Friday to assist in the rescue efforts, adding that gusty winds swept across the lake as the fishermen were in their routine fishing activities.

Lake Rukwa is an endorheic lake located in the Rukwa Valley of Rukwa Region, Songwe Region, and Katavi Region in southwestern Tanzania. The lake is the third-largest inland body of water in the country.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 21 will and shall 1

**A** We use **I'll** ... (= **I will**) when we've just decided to do something. When we say **'I'll** do something', we announce our dicision:

- Oh, I left the door open. **I'll go** and shut it.
- 'What would you like to drink?' **'I'll have** orange juice, please.'
- 'Did you call Max?' 'Oh no, I forgot. **I'll call** him now.'

We do not use the present simple (**I do** / **I go** etc.) in these sentences:

- **I'll phone** him now. (not I phone him now)

We often use **I think I'll** ... / **I don't think I'll** ... :

- I'm a little hungry. **I think I'll have** something to eat.
- **I don't think I'll go** out tonight. I'm too tired.

In spoken English will not is usually **won't**:

- I can see you're busy, so **I won't stay** long. (= I will not stay long)

**B** We often use **I'll** in these situations:

Offering to do something

- That bag looks heavy. **I'll help** you with it. (not I help)




Agreeing to do something

- A: Can you give Tom this book?
- B: Sure, **I'll give** it to him when I see him this aft ernoon.

Promising to do something

- Thanks for lending me the money. I'll pay you back on Friday.
- **I won't tell** anyone what happened. I promise.

We use **won't** to say that somebody refuses to do something:

- I've tried to give her advice, but she **won't listen**.
- The car **won't start**. (= the car 'refuses' to start)




**Will you** (do something)? = please do it:

- **Will you** please turn the music down? It's too loud.

**C** We do not use **will** to talk about what has been decided or arranged before:

- **I'm going** on holiday next Saturday. (not I'll go)

  Compare:
- **I'm meeting** Kate tomorrow morning. (decided before)
- A: **I'll meet** you at half past ten, OK?

  B: Fine. See you then. (decided now)

**Raymond Murphy**

# ဥရောပနှင့် အမေရိကန်တို့ကြားတင်းမာမှုများထွက်ပေါ်လာစေနိုင်သည့် ဂရင်းလန်းဒေသ၏ ပထဝီနိုင်ငံရေးအရ အရေးပါမှု

နိုင်ထူး

ဂရင်းလန်းဒေသ၏ပထဝီနိုင်ငံရေးအရ အရေးပါမှုနှင့် အင်အားကြီးနိုင်ငံအချို့နှင့် ဖြစ်ပေါ်နေသော တင်းမာမှုများကြောင့် ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့အနေဖြင့် ၎င်းတို့၏တပ်ဖွဲ့များကို အဆိုပါကျွန်းပေါ်၌ တပ်ဖြန့်ထားသင့်သည်ဟု အီးယူစစ်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ရောဘတ်ဘရီဂျာက ပြောကြားလိုက်သည်။

ဂရင်းလန်းသည် အနာဂတ်တွင် ဥရောပတပ်များကို တပ်ဖြန့်ရာတွင် အကောင်းဆုံးဒေသတစ်ခုဖြစ်လာနိုင်ကြောင်း ဗိုလ်ချုပ်ကြီးရောဘတ်ဘရီဂျာက ဂျာမနီသတင်းစာကြီးတစ်စောင်ဖြစ်သည့် Die Welt နှင့် လုပ်ဆောင်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခြင်းဖြစ်သည်။



အမေရိကန်တပ်များသည် အဆိုပါကျွန်းပေါ်တွင် ၁၉၄၀ ပြည့်နှစ်အစောပိုင်းအထိ တပ်စွဲခဲ့ရာ နေရာတစ်ခုဖြစ်သည်။ ထိုကဲ့သို့ပင် ဥရောပတပ်များကိုလည်း အဆိုပါဒေသတွင် တပ်ဖြန့်မည့် အစီအစဉ်ကို ဗိုလ်ချုပ်ကြီး ရောဘတ်ဘရီဂျာက အမေရိကန်၏လုပ်ဆောင်ချက်ကိုရည်ညွှန်း၍ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီးရောဘတ်ဘရီဂျာ၏ အဆိုပါပြောကြားချက်သည် ဂရင်းလန်းနှင့် စပ်လျဉ်း၍ အမေရိကန်သမ္မတ ထရမ့်က ၎င်း၏သဘောထားများကို ထုတ်ဖော်ပြောကြားပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အကယ်၍ အီးယူအဖွဲ့က ၎င်းတို့၏ ဥရောပတပ်များအား ဂရင်းလန်းပေါ်တွင် တပ်ဖြန့်နိုင်မည်ဆိုပါက ဒေသတွင်းတည်ငြိမ်ရေးအတွက် အထောက်အကူပြုနိုင်မည်ဟု ၎င်းကယုံကြည်လျက်ရှိသည်။

သို့ရာတွင် အမေရိကန်တပ်များ သို့မဟုတ် အီးယူတပ်များအား အဆိုပါဒေသတွင် တပ်ဖြန့်မည်ဆိုပါကဒေသတွင်း တည်ငြိမ်မှုအပေါ် ဂယက်ရိုက်ခတ်လာနိုင်ကြောင်း အချို့ကယူဆလျက်ရှိသည်။ ထို့ပြင် ဒိန်းမတ်နိုင်ငံမှ ကန့်ကွက်မှုများနှင့်လည်း ရင်ဆိုင်ရဖွယ်ရှိသည်။

အမေရိကန်တို့သည် အဆိုပါကျွန်းအား ဒေါ်နယ်ထရမ့် သမ္မတအဖြစ် ကျမ်းသစ္စာမကျိန်ဆိုမီကတည်းက မျက်စိကျနေခြင်းဖြစ်ပြီး ယင်းကျွန်းအား အမေရိကန်၏ အမျိုးသားလုံခြုံရေးအတွက်ဟုဆိုကာ အမေရိကန်ပြည်ထောင်စုနှင့်ပေါင်းစည်းလိုကြောင်းကိုလည်း ထရမ့်ကလူသိရှင်ကြား ထုတ်ဖော်ပြောကြားထားသည်။

ဂရင်းလန်းဒေသသည် နိုင်ငံ၏အမျိုးသားလုံခြုံရေးအတွက် အရေးပါမှုကြောင့် ယင်းဒေသသည်အမေရိကန်ပြည်ထောင်စု၏ အစိတ်အပိုင်းတစ်ခုဖြစ်လာသင့်ကြောင်းအမေရိကန်သမ္မတ ထရမ့်က ၎င်းသမ္မတအဖြစ် တာဝန်မထမ်းဆောင်မီ ဇန်နဝါရီလ ၇ ရက်တွင် ပြောကြားခဲ့ခြင်းဖြစ်ပြီး ၎င်းပြောဆိုချက်သည် ဒေသတွင်းနိုင်ငံများကိုအံ့အားသင့်စေခဲ့သည်။ ထို့ပြင် ထရမ့်သည် ၎င်း၏ အဆိုပါအယူအဆကို ဒိန်းမတ်ဝန်ကြီးချုပ် မက်ဖရက်ဒရစ်ဆင်အား ဖုန်းမှတစ်ဆင့် ဆက်သွယ်ပြောကြားခဲ့ခြင်းကြောင့် ဒိန်းမတ်အစိုးရအဖွဲ့အတွင်း စိုးရိမ်မှုများမြင့်တက်လာခဲ့သည်ဟု Financial Times သတင်းစာက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းဖော်ပြခဲ့သည်။

သို့သော် လက်ရှိအချိန်တွင် အမေရိကန်၏ အဆိုပါအစီအစဉ်ကို ဒိန်းမတ်နိုင်ငံသားများက သဘောတူမည့်လက္ခဏာမရှိပေ။ အကြောင်းမှာ ဂရင်းလန်းဒေသအား အမေရိကန်ပြည်ထောင်စုနှင့် ပေါင်းစည်းခြင်းကို ဒိန်းမတ်နိုင်ငံသား ၈၀ ရာခိုင်နှုန်းက ကန့်ကွက်လျက်ရှိသည်ဟု DR ရုပ်သံဌာနက ဇန်နဝါရီလ ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

Epinion သုတေသနအဖွဲ့ကြီးသည် ဂရင်းလန်းဒေသက အမေရိကန်ပြည်ထောင်စုနှင့် ပေါင်းစည်းမှုနှင့်စပ်လျဉ်း၍ ဇန်နဝါရီလ ၁၅ ရက်မှ ၂၂ ရက်အထိ လူ ၁၀၁၆ ဦးအား ၎င်းတို့၏ သဘောထားများကို စစ်တမ်းကောက်ယူခဲ့ရာ ဒိန်းမတ်နိုင်ငံသား ၃ ရာခိုင်နှုန်းကသာ ဂရင်းလန်းအား အမေရိကန်နှင့်ပေါင်းစည်းခြင်းကို လိုလားပြီး အခြား ၇ ရာခိုင်နှုန်းကမူ တိကျသည့် သဘောထားဖော်ပြနိုင်ခြင်းမရှိကြောင်းတွေ့ရှိခဲ့ရသည်။

တစ်နည်းအားဖြင့်ဆိုရပါမူ ဂရင်းလန်းဒေသအား အမေရိကန်နှင့်ပေါင်းစည်းခြင်းကို ဒိန်းမတ်နိုင်ငံသားအများစုက ကန့်ကွက်နေခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါဒေသအား ဒိန်းမတ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေစေရန် ၎င်းတို့ကဆန္ဒရှိနေသည်။

ဂရင်းလန်းဒေသသည် ၁၉၅၃ ခုနှစ်အထိ ဒိန်းမတ်နိုင်ငံ၏ ကိုလိုနီနယ်မြေတစ်ခုအဖြစ်ရပ်တည်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုဖြစ်လာခဲ့သော်လည်း ဒိန်းမတ်နိုင်ငံ၏အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။

ဂရင်းလန်း၏ အားသာချက်များကို လေ့လာမည်ဆိုပါက ယင်းဒေသတွင် သတ္တုတွင်းထွက်များနှင့် ကုန်ကြမ်းပစ္စည်းပေါကြွယ်ဝသည့်အပြင် အာတိတ်ဒေသရှိ နိုင်ငံတကာကုန်သွယ်ရေးလမ်းကြောင်းနှင့်လည်း နီးစပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ယင်းဒေသသည် ပထဝီနိုင်ငံရေးရှုထောင့်အရ အလွန်အရေးပါသည့်နယ်မြေတစ်ခုအဖြစ် အမေရိကန်တို့က ရှုမြင်နေခြင်းဖြစ်သည်။

အမေရိကန်ကွန်ဂရက်ရှိ ရီပတ်ဘလစ်ကန်အမတ်အချို့က ထရမ့်၏အဆိုပါရပ်တည်ချက်၊ သဘောထားကို ထောက်ခံလျက်ရှိပြီး ထရမ့်နေဖြင့် ဂရင်းလန်းအား နိုင်ငံနှင့်ပေါင်းစည်းနိုင်ရေးလုပ်ဆောင်နိုင်ရန်အတွက် “Make Greenland Great Again” ဟုအမည်ပေးထားသည့် မူကြမ်းတစ်ရပ်ကို အန်းဒီ အိုလက်ဆိုသူ ရီပတ်ဘလစ်ကန်အမတ်တစ်ဦးက တင်သွင်းခဲ့သည်ကို တွေ့ရသည်။

ထို့ပြင် ဒိန်းမတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ကာလာဆန်းကလည်း ထရမ့်၏ အဆိုပါ သဘောထားကို ထောက်ခံထားသည်။ အကြောင်းမှာ ဒိန်းမတ်နိုင်ငံသည် ဂရင်းလန်းအား အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်ခြင်းမရှိသောကြောင့် ၎င်းကျွန်းအား အမေရိကန်၏ ထိန်းချုပ်မှုအောက်တွင် ထားရှိခြင်းကသာ အခြေခံအသိဉာဏ်ပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သို့ရာတွင် အမေရိကန်အနေဖြင့် အခြားနိုင်ငံများ၏ နယ်မြေပေါင်းစည်းမှုနှင့် ကုလသမဂ္ဂ၏ ဖွဲ့စည်းပုံဥပဒေတို့ကို လေးစားမည်ဟု မျှော်လင့်ကြောင်း အီးယူစစ်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ရောဘတ်ဘရီဂျာက ပြောကြားခဲ့သည့်အပြင် ဂရင်းလန်းဒေသနှင့် စပ်လျဉ်း၍ အမေရိကန်၏ ဆောင်ရွက်ချက်များကို အနီးကပ်စောင့်ကြည့်လျက်ရှိသည်ဟု ရုရှားနိုင်ငံကလည်း ထုတ်ဖော်ပြောကြားခဲ့ခြင်းကြောင့် အဆိုပါအာတိတ်ဒေသ၏ ပထဝီနိုင်ငံရေးအရအရေးပါမှုသည် ဒေသတွင်းတင်းမာမှုများကို ဖြစ်ပေါ်လာစေနိုင်သည့်အလားအလာရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Ref: RT, Aa

# ယူကရိန်းစစ်သည်များက မြို့ပြစစ်ပွဲဆိုင်ရာလေ့ကျင့်မှုများကို ဗြိတိန်နိုင်ငံတွင် သင်ကြားပေးခြင်းခံခဲ့ရဟုဆို

ဂနီချက်၊ စစ်ရေး

ယူကရိန်းစစ်သည်များသည် မြို့ပြစစ်ပွဲဆိုင်ရာလေ့ကျင့်မှုများကို ဗြိတိန်နိုင်ငံတွင် သင်ကြားပေးခြင်းခံခဲ့ရကြောင်း ဗြိတိန်မှ ရုရှားသို့ထွက်ပြေးလာသည့် ယူကရိန်းစစ်သည်တစ်ဦးက Sputnik သတင်းဌာနသို့ပြောသည်။

ယူကရိန်းစစ်သည်များသည် မြောက်ယော့ရှိုင်းယားရှိ စစ်အခြေစိုက်စခန်းတစ်ခုတွင် မြို့ပြစစ်ပွဲနှင့်သက်ဆိုင်သည့် လေ့ကျင့်မှုများကို ဘာသာပြန်မှတစ်ဆင့် ဗြိတိန်စစ်ရေးလေ့ကျင့်သင်ကြားပေးသူများ၏ ညွှန်ကြားချက်အတိုင်းသင်ယူခဲ့ခြင်းဖြစ်ပြီး ၎င်းစစ်သည်များအား ကာ့ဒေသရှိ ဆွစ်ဇာမြို့သို့ စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားသို့ထွက်ပြေးလာသည့် ယူကရိန်းစစ်သည်က ဆက်ပြောသည်။


ထို့ပြင် ရုရှားနိုင်ငံအတွင်းရှိ ကာ့ဒေသသို့ ကျူးကျော်တိုက်ခိုက်မည့်အစီအစဉ်ကို အနောက်နိုင်ငံများမှ ထောက်လှမ်းရေးအဖွဲ့များက စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက Sputnik သတင်းဌာနသို့ ပြီးခဲ့သည့် ရက်သတ္တပတ်အကုန်ပိုင်းတွင် ပြောကြားခြင်းဖြစ်သည်။

Sputnik သတင်းဌာနသည် ယူကရိန်းစစ်သည်များအား စစ်ရေးနည်းပြများက ဗြိတိန်နိုင်ငံရှိ စစ်အခြေစိုက်စခန်းတစ်ခုတွင် လေ့ကျင့်သင်ကြားပေးနေသည့် ဗီဒီယိုပြကွက်တစ်ခုကို ပထမဆုံးအကြိမ်အဖြစ် ဇန်နဝါရီလ ၂၄ ရက်တွင် ထုတ်ဖော်ပြသခဲ့ကြောင်းသိရသည်။

Ref: Sputnik



# AI နည်းပညာ တပ်ဆင်ထားသည့် ဒုံးကျည်များကို အီရန်အောင်မြင်စွာစမ်းသပ်ပစ်ခတ်



**တီဟီရန်၊ စစ်ရေး**

အီရန်တပ်မတော်သည် စစ်ရေးလေ့ကျင့်မှုအတွင်း ဉာဏ်ရည်တုနည်းပညာ (AI) တပ်ဆင်ထားသည့် ဒုံးကျည်များကို အောင်မြင်စွာစမ်းသပ်ပစ်ခတ်နိုင်ခဲ့ကြောင်း သိရသည်။

အီရန်ရေတပ်ဖွဲ့သည် Qaem နှင့် Almas ဒုံးကျည်များကို Great Prophet Authority 19 ဟုအမည်ပေးထားသည့် စစ်ရေးလေ့ကျင့်မှု၏ နောက်ဆုံးနေ့ဖြစ်သည့် ဇန်နဝါရီလ ၂၆ ရက်တွင် ပစ်ခတ်စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ အီရန်သည် အဆိုပါစစ်ရေးလေ့ကျင့်မှုကို ယခုလအစောပိုင်းက လုပ်ဆောင်ခဲ့ခြင်းဖြစ်သော်လည်း အသေးစိတ်အချက်အလက်များကို ဖော်ပြခဲ့ခြင်းမရှိပေ။

AI နည်းပညာသုံး အဆိုပါဒုံးကျည်များသည် ဒရုန်းများမှ ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ယင်းဒုံးကျည်များကို အီရန်က အဆင့်မြှင့်တင်ထားသည့် အခြားလက်နက်စနစ်များနှင့်အတူ ထုတ်ဖော်ပြသ၍ စမ်းသပ်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Qaem ဒုံးကျည်သည် အနီအောက်ရောင်ခြည်၊ လေဆာ သို့မဟုတ် ရုပ်သံမှတစ်ဆင့် ပဲ့ထိန်းနိုင်ပြီး အလေးချိန်အားဖြင့် ၈.၅ ကီလိုဂရမ်ရှိ ထိပ်ဖူးများကို အကွာအဝေး ၄၅ ကီလိုမီတာအထိ ပစ်ခတ်နိုင်သည်။ ထို့အတူ Almas ဒုံးကျည်သည် သံချပ်ကာဖျက် ဒုံးအမျိုးအစားတစ်ခုဖြစ်ပြီး အကွာအဝေးအားဖြင့် ၈ ကီလိုမီတာသို့သာပစ်ခတ်နိုင်သည့် ပေါက်ကွဲအားကို ပြင်းထန်စွာ ဖြစ်ပေါ်စေနိုင်သည့် ထိပ်ဖူးများအားတပ်ဆင်ထားခြင်းဖြစ်သည်။

**Ref: Sputnik, PT**

# ယူကရိန်းက အီးယူနှင့် နေတိုးအဖွဲ့သို့ ဝင်ရောက်နိုင်မည်မဟုတ်ဟု ဆလိုဗက်ကီးယားဝန်ကြီးချုပ်ပြော



**မော်စကို၊ နိုင်ငံရေး**

ယူကရိန်းနိုင်ငံအနေဖြင့် အီးယူအဖွဲ့သို့ ဝင်ရောက်နိုင်ရေးကြိုးပမ်းမှုသည်အောင်မြင်မှုမရှိဘဲ နေတိုးအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်လာနိုင်ဖွယ်မရှိကြောင်း ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ်ဖီကိုက ပြောကြားလိုက်သည်။

နိုင်ငံရေးသမားအချို့၏ မကြာမီက ပြောဆိုချက်များအရ ယူကရိန်းက အီးယူအဖွဲ့ဝင် နိုင်ငံဖြစ်လာရေး ကြိုးပမ်းမှုသည် ပြဿနာအများအပြားနှင့် ရင်ဆိုင်ရနိုင်ဖွယ်ရှိပြီး ယူကရိန်းအစိုးရက နေတိုးအဖွဲ့သို့ ဝင်ရောက်နိုင်ရေးကြိုးပမ်းမှုသည် လက်ရှိဆက်လက်ဖြစ်ပွားနေသည့် ယူကရိန်း ပဋိပက္ခ၏ အခြေခံအကြောင်းရင်းဖြစ်ကြောင်း ဖီကိုက ဇန်နဝါရီလ ၂၅ ရက်တွင် ကျင်းပသည့် ဆွေးနွေးပွဲတစ်ခု၌ ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ယူကရိန်းက ရုရှားနှင့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုအပေါ် ကန့်ကွက်နေခြင်းသည် ပဋိပက္ခကို ပိုမိုကြာမြင့်စေကြောင်း ဖီကိုကပြောကြားထားပြီး ယူကရိန်းအစိုးရ၏ မူဝါဒများအပေါ် ၎င်းကပြစ်တင်ဝေဖန်ထားသည်။ ထို့ပြင် အနောက်နိုင်ငံများသည် ယူကရိန်းကိုအသုံးချ၍ ရုရှားနိုင်ငံအား အားနည်းစေရန်ကြိုးပမ်းလျက်ရှိသည်ဟု ၎င်းကစွပ်စွဲထားသည်။

လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခတွင် ရုရှားက အရှုံးပေးမည်မဟုတ်ဘဲ နောက်ဆုံးတွင် ယူကရိန်းကသာ အနောက်နိုင်ငံများ၏ အလျှော့ပေးရေးဖိအားပေးမှုကြောင့် အရှုံးပေးရမည်ဖြစ်ကြောင်း ဖီကိုကဆက်လက်ပြောကြားသည်။

**Ref: RT**

## နိုင်ငံတကာသတင်းတိုကဏ္ဍ

### ၂၀၂၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲ၌ ထရမ့်အနိုင်ရရှိပါက ယူကရိန်းပဋိပက္ခကို ရှောင်ရှားနိုင်ခဲ့ဖွယ်ရှိဟု ရုရှားသမ္မတပူတင်ပြော

အမေရိကန်ပြည်ထောင်စုတွင်ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲ၌ ဒေါ်နယ်ထရမ့်အနိုင်ရရှိပါက ယူကရိန်းပဋိပက္ခဖြစ်ပွားခြင်းမှ ရှောင်ရှားနိုင်ခဲ့ဖွယ်ရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

အမေရိကန်၌ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို တရားမျှတစွာကြေညာနိုင်ခဲ့မည်ဆိုပါက ၂၀၂၂ ခုနှစ်တွင် စတင်ဖြစ်ပွားသည့် ယူကရိန်းပဋိပက္ခသည် ဖြစ်လာနိုင်မည်မဟုတ်ကြောင်း ပူတင်က Russia 1 TV နှင့် ပြီးခဲ့သည့်ရက်သတ္တပတ်အကုန်ပိုင်းက ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတွင်ပြောကြားခြင်းဖြစ်သည်။

အလားတူပင် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ၌ မိမိသာအနိုင်ရရှိပါက ရုရှားသမ္မတပူတင်အနေဖြင့် ယူကရိန်းပဋိပက္ခကို မည်သည့်အခါမျှ စတင်မည်မဟုတ်သလို လူသန်းပေါင်းများစွာ၏ အသက်ကိုလည်း ကယ်ဆယ်နိုင်မည်ဖြစ်ကြောင်း ထရမ့်က အမေရိကန်မီဒီယာတစ်ခုနှင့် ၂၀၂၃ ခုနှစ်အတွင်း လုပ်ဆောင်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

**Ref: RT**

### နိုင်ဂျီးရီးယားတွင် လောင်စာဆီတင်ယာဉ်တစ်စင်း ပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံးလူ ၁၈ ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရ

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်းတွင် လောင်စာဆီတင်ယာဉ်တစ်စင်း ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံးလူ ၁၈ ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်အဖွဲ့က ဇန်နဝါရီလ ၂၆ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါဖြစ်ရပ်သည် အီနူဂူးပြည်နယ်တွင် ဇန်နဝါရီလ ၂၅ ရက်က ဖြစ်ပွားခြင်းဖြစ်ပြီး လောင်စာဆီတင်ယာဉ်မှ ယာဉ်မောင်းသည် ယာဉ်အားထိန်းချုပ်နိုင်ခြင်းမရှိဘဲ အခြားယာဉ်များကိုဝင်တိုက်ခဲ့ရာမှ မီးလောင်ပေါက်ကွဲခြင်းဖြစ်ကြောင်းသိရသည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် ပြည့်စုံကောင်းမွန်သည့် မီးရထားသယ်ယူပို့ဆောင်ရေးစနစ်မရှိသောကြောင့် မော်တော်ကားလမ်းများတွင် မတော်တဆမှုများမကြာခဏ ဖြစ်ပွားလေ့ရှိသည်။

**Ref: ABC**

### IS စစ်သွေးကြွအဖွဲ့နှင့်ဆက်နွှယ်သည့်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မည့်အစီအစဉ်ကို မော်ရိုကို ဖော်ထုတ်နိုင်ခဲ့

မော်ရိုကိုနိုင်ငံတွင် IS စစ်သွေးကြွအဖွဲ့နှင့်ဆက်နွှယ်သည့် အဖွဲ့အစည်းတစ်ခု၏ အကြမ်းဖက်တိုက်ခိုက်မည့်အစီအစဉ်ကို အာဏာပိုင်အဖွဲ့က ဖော်ထုတ်နိုင်ခဲ့ကြောင်း ထောက်လှမ်းရေး ဗျူရိုက ဇန်နဝါရီလ ၂၆ ရက်တွင် ထုတ်ပြန်သည်။

မော်ရိုကိုအထူးတပ်ဖွဲ့ဝင်များသည် နိုင်ငံအတွင်း ဝင်ရောက်စီးနင်းမှုများလုပ်ဆောင်ပြီးနောက် IS စစ်သွေးကြွအဖွဲ့နှင့်ဆက်နွှယ်သူလေးဦးကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်၊ အထူးတပ်ဖွဲ့ဝင်များက ၎င်းတို့အား ဘာရီချစ်ပြည်နယ်အတွင်း၌ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အထူးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်တိုက်ခိုက်မှုတွင် အသုံးပြုရန်စီစဉ်ထားသည့် ဖောက်ခွဲရေးပစ္စည်းများ၊ လက်နက်များနှင့် ဓာတုပစ္စည်းများကိုလည်း သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

**Ref: Sq**

# ရာသီဥတုဆိုးရွားမှုများကြောင့် ဘင်္ဂလားဒေ့ရှ် ကျောင်းသား၊ ကျောင်းသူ ၃၃ သန်း၏ ပညာသင်ယူရေးထိခိုက်ခဲ့ရ

**ဒါကာ၊ ရာသီဥတုပြောင်းလဲမှု**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရာသီဥတုဆိုးရွားမှုများကြောင့် ၂၀၂၄ ခုနှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၃၃ သန်း၏ ပညာသင်ယူရေးမှာထိခိုက်ခဲ့ရကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာတွင်ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းလုံးတွင် အပူလှိုင်းဖြတ်သန်းမှု၊ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုများ၊ ရေကြီးမှုများနှင့် အခြားရာသီဥတုအခြေအနေဆိုးရွားမှုများ ဖြစ်ပွားခဲ့သည်။ ၂၀၂၄ ခုနှစ် ဧပြီလနှင့် မေလအတွင်း အပူလှိုင်းများဖြတ်သန်းမှုကြောင့် စာသင်ကျောင်းများကို နှစ်ပတ်အထိ ပိတ်ပစ်ခဲ့ရသည်။

ထို့ပြင် ၂၀၂၄ ခုနှစ် ဇွန်လတွင်လည်း မုန်တိုင်းတိုက်ခတ်ပြီးနောက်ဆက်လက်ဖြစ်ပွားခဲ့သည့် ရေကြီးမှုများကြောင့် ကလေးသူငယ် ဦးရေ ၇ သန်းအပါအဝင် နိုင်ငံအတွင်းရှိ လူ ၁၈ ဒသမ ၄ သန်းခန့်မှာ ရေဘေးသင့်ခဲ့ရကြောင်း ပြီးခဲ့သည့်ရက်သတ္တပတ်အကုန်ပိုင်းက ထုတ်ပြန်သည့် အစီရင်ခံစာတွင်ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ကလေးသူငယ်များသည် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအန္တရာယ်များနှင့် အများဆုံး ရင်ဆိုင်ရဖွယ်ရှိကြောင်း ကုလသမဂ္ဂအဖွဲ့၏ကလေးသူငယ်များ၏ ရာသီဥတုပြောင်းလဲမှုအန္တရာယ်အညွှန်းကိန်းတွင် ဖော်ပြထားကြောင်း သိရသည်။

**Ref: Xinhua**



# ရေထွက်ကုန်နှင့်အသားမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည်ယမန်နေ့က ကျောက်တန်းမြို့နယ် သီတာမြိုင်ရပ်ကွက်ရှိ နေကြာပန်းကဏန်းပျော့မွေးမြူရေးကုမ္ပဏီလီမိတက်၏ ကဏန်းပျော့မွေးမြူရေးကန် ၂၅ ကန်၌ တစ်နှစ်လျှင် ကဏန်းပျော့တန်ချိန် ၂၀၀ ခန့် ထုတ်လုပ်၍ ပြည်တွင်းရှိ ဟိုတယ်နှင့် စားသောက်ဆိုင်များသို့ တင်ပို့ဖြန့်ဖြူးရောင်းချနေမှုနှင့် စွန့်ပစ်ပစ္စည်းများဖြစ်သည့်အရေလဲထားသော ကဏန်းအရေခွံ၊ ကဏန်းအသေတို့မှ ကဏန်းအမိုင်နိုအော်ဂဲနစ်သဘာဝမြေဩဇာများထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့်ထုတ်လုပ်မှုအရည်အသွေးမြှင့်တင်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် သန်လျင်မြို့နယ် သူဌေးကုန်းကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးခင်မောင်ငယ် မွေးမြူထားသည့် နို့စားနွားအကောင် ၆၀ မွေးမြူထားရှိမှု၊ ညောင်သုံးပင်ကျေးရွာ မွေးမြူရေးတောင်သူ ဦးမျိုးနိုင် မွေးမြူထားသည့်အသားတိုးကြက်ကောင်ရေ ၃၀၀၀၀ မွေးမြူထားရှိမှုနှင့် နို့စားနွား ၂၂ ကောင်မွေးမြူထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လုပ်ငန်းခွင်ဆောင်ရွက်သူများကူးစက်ရောဂါကင်းစင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထားဆောင်ရွက်ရန်လိုအပ်ချက်များ၊ မွေးမြူရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှုဖူလုံမှုရှိစေရန်နှင့် ပြည်ပတင်ပို့မှုတိုးမြှင့်နိုင်ရေးဆိုင်ရာများကို အလေးထားဆောင်ရွက်ကြရန်နှင့် အသားတိုးကြက်များကာကွယ်ဆေးထိုးခြင်း၊ ကူးစက်ရောဂါများအတွက် ကြိုတင်ဆောင်ရွက်ထားကြရန် လိုအပ်ချက်များကို သက်ဆိုင်ရာမွေးမြူရေး တောင်သူများအား ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# ကံမမြို့နယ်၌ တောင်သူနည်းပညာပေးဆွေးနွေး

ကံမ ဇန်နဝါရီ ၂၆

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် ခြောက်ထောင့်ဆိုလာလျှပ်စစ်ရေတင်ဧရိယာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းဌွေးက နွေစပါးလျာထားကေ ပြည့်မီစွာအချိန်မီစိုက်ပျိုးရေး၊ တစ်ဧကအထွက်နှုန်း တင်း ၁၅၀ ရရှိအောင် ရည်မှန်းဆောင်ရွက်ရေး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှပံ့ပိုးပေးသော တိုက်ရိုက်မျိုးစေ့ချကိရိယာများအား အကျိုးရှိစွာစနစ်တကျကိုင်တွယ်အသုံးပြုရေး၊ လယ်ကြားမြောင်းဖောက်လုပ်ရေးနှင့် ရေအသုံးချသူအစုအဖွဲ့များ ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်များကို အသေးစိတ်မှာကြားဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသီဟက တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးအတွက် သီးနှံပုံစံများကို တောင်သူများနှင့်ညှိနှိုင်းပြီး သက်တမ်းတိုအထွက်ကောင်းစပါးမျိုးအသုံးပြုစိုက်ပျိုးရေး၊ စိုက်စနစ်မှန်ကန်ရေး၊ တစ်ဧကတင်း ၁၅၀ ထွက်ရှိရေးအတွက် လိုက်နာကျင့်သုံးရမည့်နည်းပညာများကို တောင်သူများအား လက်ကမ်းစာစောင်များဝေငှ၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ကံမမြို့နယ်တွင် ယခုနှစ် နွေစပါးရာသီ၌ မဒေးဆည်ရေသောက်ဧရိယာအတွင်း ၁၇၂၇ ဧကနှင့် ခြောက်ထောင့်ဆိုလာလျှပ်စစ်ရေတင်ဧရိယာအတွင်း ဧက ၃၀၀ စုစုပေါင်း နွေစပါး ၂၀၂၇ ဧကစိုက်ပျိုးရန် လျာထားကြောင်းသိရသည်။

လင်းခန့်



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆˚c | / | ၃၂˚c |
| ရန်ကုန် | ၁၈˚c | / | ၃၄˚c |
| မန္တလေး | ၁၅˚c | / | ၃၀˚c |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

# လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပုံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။




၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ တိရစ္ဆာန်များ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဓာတုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု

**နေပြည်တော် ဇန်နဝါရီ ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီး အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၂၄ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအနီး၌ တရားမဝင်အခြားသစ် (၅ ဒသမ ၈၂၅)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၂၅၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မောင်တောမြို့၊ အင်းဒင်ကျေးရွာအနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ပီပါ(၂၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၄ ရက်**တွင် စစ်ကိုင်းမြို့ တင်းတိပ်ရပ်ကွက်၌ တားမြစ်ထားသည့် တိရစ္ဆာန်(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၌ လိုင်စင်မဲ့ Honda Vezel မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **ဇန်နဝါရီလ ၂၅ ရက်**တွင် စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဇန်နဝါရီလ ၂၅ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၃၀၆၄၇)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၈၀၆၄၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ် (၂)စီးနှင့် သာမည မှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၄၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Man Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၄၉၁၇၀၄၇)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်ကုန်သွယ်ရေးစခန်း၊ မလိပါကောရှောင်ကွင်းလမ်းအနီး၌ မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဓာတုကုန်ကြမ်းပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၆၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၆၉၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ပြည်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် (၁) စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၂၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် King Long Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၃ ဒသမ ၆၅၀)တန်၊ သစ်မာ (သုည ဒသမ ၀၇၄)တန်၊ အခြားသစ် (၄ ဒသမ ၉၅၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၁၄၀၁)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၈၃၄၀၁)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၉၇၇၂၉၆၈)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ယင်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့်အကျိုးအမြတ်ကိုခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့်ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။ (လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူလိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

( ခ ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကိုပေးဆောင်ရမည်။

( ဂ ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကိုဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သောတံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

( င ) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

( စ ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရ။

( ဆ ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

( ဇ ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကိုလုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကိုလုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက်မပိုစေရ။

( ဈ ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ်ပေးကမ်းခြင်းမပြုရ။ ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကိုလိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# မိတ္ထီလာမြို့နယ်နှင့်သာစည်မြို့နယ်အတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးဆွေးနွေး

မိတ္ထီလာ ဇန်နဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး မြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဦးရွှေဇင်နှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီလ ၂၆ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးတွေ့ဆုံဆွေးနွေးပြီး သီးနှံစိုက်ပျိုးမည့်နေရာများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ရေးဦးစွာတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး မြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဦးရွှေဇင်က မိတ္ထီလာမြို့နယ် ဆပ်ခင်းပေါက်ကျေးရွာရှိ ကြက်သွန်နီ စိုက်ပျိုးနည်းပညာပေးစံပြစိုက်ခင်းဧက ၁၀၀ စိုက်ပျိုးလုပ်ကိုင်သည့် တောင်သူများနှင့်တွေ့ဆုံ၍ မိတ္ထီလာခရိုင်ကို စံပြခရိုင်ဖြစ်စေရေးတွင်စိုက်ပျိုးရေးကဏ္ဍလည်းပါဝင်သည့်အတွက် စိုက်ပျိုးသောသီးနှံများ အထွက်နှုန်းကောင်းမွန်ပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီစွာ ထွက်ရှိစေရေးတောင်သူများနှင့် ဦးစီးဌာနများက အတူတကွပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်းဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးမြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ခရိုင်တာဝန်ရှိသူများက စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီစွာထွက်ရှိစေရေးအတွက် ဌာနများအလိုက် ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒေသခံတောင်သူများက စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီစွာ စိုက်ပျိုးထွက်ရှိနိုင်ရေးအတွက် လိုအပ်ချက်များကိုတင်ပြရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီးက သက်ဆိုင်ရာဌာနများအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးကို ဆွေးနွေးမှာကြားသည်။ အလားတူ မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့နယ် စက်ပစ်တောင်ကျေးရွာရှိ ဒေသခံတောင်သူများနှင့်လည်းကောင်း၊ သာစည်မြို့နယ် အိုင်းဒွန်းကျေးရွာအုပ်စု ပေါက်ချောင်းကျေးရွာနှင့် ညဏ်ကန်ကျေးရွာအုပ်စု ညဏ်ကန်ကျေးရွာဒေသခံတောင်သူများနှင့်လည်းကောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံပြီး စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ စိုက်ပျိုးထွက်ရှိနိုင်ရေးအတွက် ဆွေးနွေးမှာကြားကြောင်း သိရသည်။

(၆၀၂)

# ကျွန်းလှမြို့နယ်၌ စိုက်ပျိုးသည့်ထိုင်ဝမ်ဖူးစားပြောင်းများ ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများအဆင်ပြေ

ကျွန်းလှ ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌မြေအောက်ရေချောင်းရေတင်ပြီး ထိုင်ဝမ်ဖူးစားပြောင်းစိုက်ပျိုးကြရာ ဈေးကောင်းရရှိပြီး စိုက်ပျိုးသူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။



"ကျွန်းလှမြို့နယ်မှာ ထိုင်ဝမ်ဖူးစားပြောင်းကိုရာသီအလိုက်စိုက်ပျိုးကြပါတယ်၊ ထိုင်ဝမ်ဖူးစားပြောင်းက တောင်သူတွက်ခြေကိုက်သီးနှံဖြစ်ပြီး ပြောင်းရိုးကိုလည်း ကျွဲ၊ နွားစာအဖြစ်အသုံးပြုရတဲ့အတွက် တိုးချဲ့စိုက်ပျိုးဖို့ စီစဉ်ထားပါတယ်" ဟု ပြောင်းစိုက်တောင်သူတစ်ဦးက ပြောသည်။

ကျွန်းလှမြို့နယ်၌ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြကြောင်း၊ စပါးအပြင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ နှစ်ရှည်ပင်မျိုးစုံနှင့်အခြားစားသုံးပင်များစိုက်ပျိုးကြကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်ထုတ်လုပ်မှုသည် အဓိကဖြစ်ရာ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကိုမြှင့်တင်ရမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

# ကန့်ဘလူမြို့နယ်၌ မတ်ပဲသီးနှံလျာထားချက်ထက်ပိုမိုစိုက်ပျိုးပြီးစီး

ကန့်ဘလူ ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲသီးနှံ ၃၈၄၃၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယမန်နှစ်အောက်တိုဘာလမှ စတင်၍စိုက်ပျိုးခဲ့ကြရာ ဇန်နဝါရီလ ၂၅ ရက်အထိ ၃၈၅၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်၌ မတ်ပဲသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးရာ ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးမြေများ၌ တစ်သီးစားကိုသာစိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့်စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

သင်မလိုသောမီးကိုပိတ်ထားခြင်းဖြင့် လိုအပ်သူများအလင်းရပါစေ။

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ရန်ကုန်မြစ်ဝရှိ ကမ်းလွန်ရေကြောင်းပြစခန်းကို ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၆

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ကျုန်းမာရေးဆိပ်ခံတံတားမှ ရန်ကုန်မြစ်ဝရှိမြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ကမ်းလွန်ရေကြောင်းပြစခန်း(Offshore Fixed Pilot Station)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး၏ ၇၅ ရာနှုန်းခန့်ကို ရန်ကုန်ဆိပ်ကမ်းမှ ကိုင်တွယ်ဝန်ဆောင်မှုပေး၍ ပင်လယ်ရေကြောင်းဖြင့် တင်သွင်းတင်ပို့ပေးလျက်ရှိရာ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍသည် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသဖြင့် ဆိပ်ကမ်းလုပ်ငန်းများကောင်းစွာလည်ပတ်နေနိုင်ရန် နေ့/ည ရာသီမရွေး ပင်လယ်ထဲနှင့် ရေလမ်းကြောင်းတစ်လျှောက်တွင် တာဝန်ထမ်းဆောင်နေကြရသည့် ဆိပ်ကမ်းဆိုင်ရာ၊ ရေကြောင်းဆိုင်ရာ ရေကြောင်းပြမှူးကြီးများနှင့် ဝန်ထမ်းများသည် နိုင်ငံတော်နှင့်ဌာနအတွက် အရေးပါသည့်ကဏ္ဍတွင်ပါဝင်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာဖြင့် တည်ဆောက်ထားသော Pilot Station ကိုလည်း ရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်ရေးတန်ဖိုးထားဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အတွက် ဝင်ငွေများတိုးတက်ရှာဖွေပေးနိုင်ကြရန် တိုက်တွန်းအားပေးစကားပြောကြားသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက Pilot Station တည်ဆောက်ခြင်းဆိုင်ရာအချက်အလက်များ၊ Pilot Transfer Operation ဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရေကြောင်းပြစခန်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်သည်။

ဒုတိယဝန်ကြီးသည် အသွားအပြန်ခရီးစဉ်တစ်လျှောက် ရန်ကုန်နှင့် သီလဝါဆိပ်ကမ်းဧရိယာရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတံတားများ၊ ရေလမ်းကြောင်းကောင်းမွန်အောင် သတ်မှတ်ရေအနက်ကိုထိန်းထားနိုင်ရန် သောင်တူးဖော်ဆောင်ရွက်လျက်ရှိသည့်နေရာများ၊ ရေလမ်းကြောင်းတစ်လျှောက် ရေလမ်းကြောင်းအချက်ပြမီးဖော်ယာများ စနစ်တကျနေရာချထားမှုအခြေအနေများနှင့် ဆိပ်ကမ်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းနေရာများကို ရေယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (မဝ)

## ၂၆-၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၄၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၂၆-၁-၂၀၂၅ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | -၃.၀ | ၂၆.၆ |
| ပြင်ဦးလွင်မြို့ | ၃.၆ | ၃၈.၅ |
| တီးတိန်မြို့ | ၄.၀ | ၃၉.၂ |
| မိုင်းယန်းမြို့ | ၄.၅ | ၄၀.၁ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၄.၆ | ၄၀.၃ |
| ဟဲဟိုးမြို့ | ၅.၂ | ၄၁.၄ |
| လွိုင်လင်မြို့ | ၇.၀ | ၄၄.၆ |
| ပင်လောင်းမြို့ | ၇.၂ | ၄၅.၀ |
| မင်းကင်းမြို့ | ၈.၆ | ၄၇.၅ |
| မြစ်ကြီးနားမြို့ | ၉.၀ | ၄၈.၂ |






### မွေးသက္ကရာဇ်အမှန်
နမ့်စန်မြို့၊ အမှတ်(၄)ရပ်ကွက်နေ အဘ ဦးစိုးမိုးကျော်၏သမီး မဇင်မာဌေး ၁၃/လရန(နိုင်)၂၄၆၈၆၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၆-၁၉၉၉ ဖြစ်ပါကြောင်း။
၅-၆-၁၉၉၉

### တစ်ဦးတည်းဖြစ်ပါကြောင်း
နမ့်စမ်မြို့၊ အမှတ်(၄)ရပ်ကွက်နေ မဇင်မာဌေး၏ဖခင် ဦးစိုးမိုးကျော်နှင့်ဦးဝင်းနိုင် ၈/ပခက(နိုင်)၁၇၉၅၄၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးစိုးမိုးကျော်(ခ)ဦးဝင်းနိုင်

### ပျောက်ဆုံးကြောင်း
အိဖြိုးခိုင်(ဘ)ဦးဆယ်မြင့် ၈/ရနခ(နိုင်)၁၄၃၁၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၅၅၂၉၉၂

### ပျောက်ဆုံးကြောင်း
မေသူလွင်(ဘ)ဦးမြင့်လွင် ၁၂/ဥကမ(နိုင်)၁၈၀၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၉၁၀၈၈၉

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း(လုပ်ငန်းသုံးပစ္စည်းတင်ဒါ)ကို တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် ပြည်ထောင်စုမြန်မာနိုင်ငံသားလုပ်ငန်းအတွေ့အကြုံ ရှိသောလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရယူရမည့်နေရာ | - | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ သီတာဆိပ်လမ်း၊ ပုဇွန်တောင်မြို့နယ် |
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | ၂၇-၁-၂၀၂၅ မှ ၁၀-၂-၂၀၂၅ ရက်နေ့အထိ (ရုံးချိန်အတွင်း) |
| တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Cheque မူရင်းတင်သွင်းရမည့် နောက်ဆုံးရက် | - | ၁၁-၂-၂၀၂၅(အင်္ဂါနေ့) (၁၂:၀၀)နာရီအထိ |
| တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Cheque မူရင်းတင်သွင်းရမည့်နေရာ | - | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ သီတာဆိပ်လမ်း၊ ပုဇွန်တောင်မြို့နယ် |
| လုပ်ငန်းသုံးပစ္စည်းတင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန် | - | (၁၁-၂-၂၀၂၅)(၁:၀၀)နာရီ |

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း ၀၉-၂၅၀၂၃၃၉၅၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

### ပျောက်ဆုံးကြောင်း
ထွန်းလင်းအောင်(ဘ)ဦးသန်းလှိုင် ၁၂/ဥကတ(နိုင်)၁၆၇၃၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၉၇၀၁၇၃၇၆

### ပျောက်ဆုံးကြောင်း
ယုယုခိုင်(ဘ)ဦးလှအုန်း ၇/ပတန(နိုင်)၁၇၃၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၈၉၅၁၆၁၆

### ပျောက်ဆုံးကြောင်း
နန်းဝတ်ရည်ဦး(ဘ)ဦးတာပိုး ၃/ကကရ(နိုင်)၁၂၁၃၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 294799)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အောင်အောင်ဇော်(ဘ)ဦးလေးနိုင် ၁၂/ဆကခ(နိုင်)၀၁၁၁၉၄ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ထက်ထက်မိုး(ဘ)ဦးသန်းဦး ၁၄/ဝခမ(နိုင်)၂၄၄၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ထူးအောင်လင်း(ဘ)ဦးမောင်မောင်လင်း ၃/မဝတ(နိုင်)၀၅၈၀၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 763255)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဟိန်းမျိုးထက်(ဘ)ဦးမျိုးဝင်း(ခ)အေမာလစ် ၁၂/မဂတ(နိုင်)၁၁၄၉၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 581549)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ရွာဦးလမ်း၊ အမှတ်(၅၇)နေ မနီလာလင်း(ဘ)ဦးမြင့်စိန် ၁၂/ဥကမ(နိုင်)၂၅၆၁၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 916957)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၈၂၃၅၀၉

### ပျောက်ဆုံးကြောင်း
မန္တလေးမြို့၊ အမရပူရမြို့နယ်နေ မသိမ့်သက်ထားစံ(ဘ)ဦးကျော်ကျော်ဦး ၉/အမဇ(နိုင်)၀၃၄၄၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 193909)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၃၃၃၃၃၆

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ထန်းတောမရွာနေ အောင်မျိုးမြင့်(ဘ)ဦးမောင်နိုင် ၉/နထက(နိုင်)၁၉၃၅၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဟိန်းထက်ဇော်(ဘ)ဦးအောင်လင်း ၁၂/ဒလန(နိုင်)၁၁၁၇၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 832650)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အလိမ္မာစာမှာရှိ**

# ၂၀၂၃ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲနောက်ပိုင်း မန်စီးတီးအသင်းကိုအနိုင်ရယူနိုင်ခြင်းမရှိသည့် မှတ်တမ်းဆိုးကို ချယ်လ်ဆီးအသင်းဆက်လက်ပိုင်ဆိုင်ထား



လန်ဒန် ဇန်နဝါရီ ၂၆

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၃) အဖြစ် ကစားသည့် မန်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းသည် အဝေးကွင်း၌ ၃ ဂိုး- ၁ ဂိုးဖြင့်ရှုံးနိမ့်ကာ ၂၀၂၃ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် အနိုင်ရရှိပြီးနောက်ပိုင်း မန်စီးတီးအသင်းကို အနိုင်ရယူနိုင်ခြင်းမရှိသည့် မှတ်တမ်းဆိုးတစ်ရပ်ကို ချယ်လ်ဆီးအသင်း ဆက်လက်ပိုင်ဆိုင်ထားဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်၌ ချယ်လ်ဆီးအသင်းသည် ပွဲချိန် သုံးမိနစ်တွင် သွင်းယူခဲ့သည့် မက်ဒူကီ၏သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၄၂ မိနစ်တွင် ဂါဗယ်ဒီလိုက ချေပဂိုး၊ ပွဲချိန် ၆၈ မိနစ်တွင် ဟာလန်းနှင့် ပွဲချိန် ၈၇ မိနစ်တွင် ဖိုဒန်တို့က မန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ပြီးနောက် ၃ ဂိုး- ၁ ဂိုးဖြင့် မန်စီးတီးအသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် မန်စီးတီးအသင်းကို နောက်ဆုံးအကြိမ် အနိုင်ရရှိသည့်ပွဲစဉ်အဖြစ် ၂၀၂၁ ခုနှစ် မေလ ၃၀ ရက်က ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ်ကစားသည့်ပွဲစဉ်တွင် ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက်ပိုင်းတွင် မန်စီးတီးအသင်းကို တစ်ကြိမ်မှုအနိုင်ရယူနိုင်ခြင်းမရှိဘဲ ယခုပွဲစဉ်တွင်လည်း ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ပွဲပြီးဆုံးချိန်တွင် ၃ ဂိုး- ၁ ဂိုးဖြင့် ထပ်မံရှုံးနိမ့်ခဲ့ပြီး မှတ်တမ်းဆိုးတစ်ရပ်ကို မချေဖျက်နိုင်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် မန်စီးတီးအသင်းကို ၂၀၂၁ ခုနှစ်က အနိုင်ရရှိပြီးနောက် ပြိုင်ပွဲစုံ ၁၁ ကြိမ် တွေ့ဆုံခဲ့ရာတွင် ကိုးကြိမ်အထိရှုံးနိမ့်ပြီး နှစ်ကြိမ် သရေရလဒ်ထွက်ပေါ်ခဲ့ကာ နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ယခုဘောလုံးရာသီ ပြိုင်ဘက်အသင်းကြီးများနှင့် တွေ့ဆုံရာတွင် စပါးအသင်းတစ်သင်းတည်းကိုသာအနိုင်ရရှိခဲ့ပြီး မန်စီးတီးအသင်း၊ လီဗာပူးအသင်းတို့ကိုရှုံးနိမ့်ကာ မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်များပြန်လည်ဆိုးရွားလာခဲ့ကာ ခုနစ်ပွဲတွင် ဝုဗ်အသင်းတစ်သင်းတည်းကိုသာ အနိုင်ရရှိပြီး သုံးပွဲရှုံးနိမ့်ကာ သုံးပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပြီး မန်စီးတီးအသင်းကိုရှုံးနိမ့်ပြီးနောက် အဆင့်(၆)နေရာအထိ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။ **Ref;Fotmob**

# ရီးယဲလ်မက်ဒရစ်အသင်းက ရာသီအကုန်တွင် ကင်မစ်ချ်ကို ခေါ်ယူရန်ပစ်မှတ်ထားနေ

မက်ဒရစ် ဇန်နဝါရီ ၂၆

ရီးယဲလ်မက်ဒရစ်အသင်းက ယခုဘောလုံးရာသီအကုန် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်းမှ ကွင်းလယ်ကစားသမား ကင်မစ်ချ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်ပစ်မှတ်ထားနေကြောင်း သိရသည်။

ကင်မစ်ချ်သည် ၂၀၁၅ ခုနှစ်က စတုဂတ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ ထိပ်တန်းကစားသမားတစ်ဦးအဖြစ် ရပ်တည်နေသူဖြစ်သည်။

ကင်မစ်ချ်နှင့်ဘိုင်ယန်မြူးနစ်အသင်းတို့ စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုနေသော်လည်း ကင်မစ်ချ်ကိုယ်တိုင်က အသင်းမှ ထွက်ခွာလိုသည့်အတွက် သက်တမ်းတိုးစာချုပ်ကို ငြင်းဆိုထားခြင်းဖြစ်သည်။

ကင်မစ်ချ်ကို လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ်အသင်းအပြင် ဘာစီလိုနာအသင်းနှင့် ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများက အပြိုင်ခေါ်ယူရန်ပစ်မှတ်ထားနေကြောင်း သိရသည်။ **Ref;One Football**

# နော်တင်ဟမ်အသင်းကို ဂိုးပြတ်အနိုင်ရရှိပြီးနောက် ပြိုင်ပွဲစုံ ၁၂ ပွဲဆက်ရှုံးပွဲမရှိမှတ်တမ်းကောင်းတစ်ရပ်ကို ဘုန်းမောက်စ်အသင်းဆက်လက်ထိန်းသိမ်း

လန်ဒန် ဇန်နဝါရီ ၂၆

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၃)အဖြစ်ကစားသည့် ဘုန်းမောက်စ်အသင်းနှင့် နော်တင်ဟမ်အသင်းတို့ပွဲစဉ်တွင် ဘုန်းမောက်စ်အသင်းက အိမ်ကွင်း၌ ၅ ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိပြီးနောက် ပြိုင်ပွဲစုံ ၁၂ ပွဲဆက်ရှုံးပွဲမရှိ မှတ်တမ်းကောင်းတစ်ရပ်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

ဘုန်းမောက်စ်အသင်းသည် ယခုဘောလုံးရာသီတွင် အံ့အားသင့်ဖွယ်ရလဒ်ကောင်းများရရှိနေသည့် နော်တင်ဟမ်အသင်းကို အိမ်ကွင်း၌ အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ ကလွိုက်ဗက်၊ အိုအူတာရာနှင့် ဆီမီယိုတို့၏သွင်းဂိုးများဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၂ ပွဲဆက် ရှုံးပွဲမရှိမှတ်တမ်းကောင်းတစ်ရပ်ကို ထိန်းသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်စ်အသင်းသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်က ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၂) အဖြစ်ကစားသည့် ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် ၂ ဂိုး-၁ ဂိုးဖြင့်ရှုံးနိမ့်ပြီးနောက်ပိုင်း ပြိုင်ပွဲစုံ ၁၂ ပွဲဆက်ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်စ်အသင်းသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်က ကစားသည့် ဝုဗ်အသင်းနှင့်ပွဲစဉ်တွင် စတင်အနိုင်ရရှိပြီးနောက် ပြိုင်ပွဲစုံ ၁၂ ပွဲတွင် ရှစ်ပွဲအထိအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ကာ လေးပွဲသရေရလဒ်ရရှိထားပြီး အဆိုပါ ၁၂ ပွဲတွင်လည်း စပါးအသင်း၊ မန်ယူအသင်း၊ နော်တင်ဟမ်အသင်းတို့ကို အနိုင်ရရှိခဲ့သည့်အပြင် ချယ်လ်ဆီးအသင်းနှင့်ပွဲစဉ်တွင်လည်း နှစ်ဂိုးစီသရေရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်စ်အသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၂၃ ပွဲကစားပြီးချိန်တွင် ၁၁ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ငါးပွဲရှုံး ရမှတ် ၄၀ ဖြင့် အဆင့်(၇)နေရာ၌ ရပ်တည်နေပြီး အဆင့်(၄)နေရာမှ မန်စီးတီးအသင်းနှင့်လည်း တစ်မှတ်သာကွာဟနေသောကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက်မျှော်လင့်ချက်ရှိနေကြောင်း သိရသည်။

**Ref;Fotmob**

# ဒေါ့မွန်အသင်းက လစ်လပ်နေသည့်အသင်းနည်းပြသစ်ရာထူးအတွက် ဝါရင့်နည်းပြဗန်ဂါးကို ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရ

ဘာလင် ဇန်နဝါရီ ၂၆

ဒေါ့မွန်အသင်းက နည်းပြဆာဟင်ကို ရာထူးမှ ထုတ်ပယ်ပြီးနောက် လစ်လပ်နေသည့်အသင်းနည်းပြသစ်ရာထူးအတွက် ဝါရင့်နည်းပြဗန်ဂါးကို ခန့်အပ်ရန် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း သိရသည်။

ဒေါ့မွန်အသင်းသည် နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေသည့်အတွက် ပြီးခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ်ကစားသည့် ဘိုလော့ဂ်နာအသင်းကို ရှုံးနိမ့်သည့်ပွဲစဉ်အပြီးတွင် နည်းပြဆာဟင်ကို ရာထူးမှထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းသည် နည်းပြဆာဟင်ကို ရာထူးမှထုတ်ပယ်ပြီးနောက် နည်းပြသစ်အဖြစ် မန်ယူအသင်းနှင့်လမ်းခွဲပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် တန်ဟတ်ကိုခန့်အပ်ရန် ကြိုးပမ်းခဲ့သော်လည်း တန်ဟတ်က ရာသီဝက်ကာလကို တာဝန်ယူကိုင်တွယ်လိုခြင်းမရှိသည့်အတွက် ငြင်းပယ်ခဲ့သောကြောင့် နောက်ထပ် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဝါရင့်နည်းပြကြီး ဗန်ဂါးကို ခန့်အပ်ရန်ကြိုးပမ်းခဲ့သော်လည်း နည်းပြဗန်ဂါးက ကလပ်အသင်းများထက် လက်ရွေးစင်အသင်းတစ်သင်းကိုသာ တာဝန်ယူကိုင်တွယ်လိုသည့်အတွက် ဒေါ့မွန်အသင်း၏ ကမ်းလှမ်းမှုကို ပယ်ချခဲ့ခြင်းဖြစ်သည်။

နည်းပြဗန်ဂါးသည် ၎င်း၏ နည်းပြဘဝတွင် ထိပ်တန်းကလပ်အသင်းများဖြစ်သည့် ဘာစီလိုနာအသင်း၊ အေဂျက်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနှင့် မန်ယူအသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ဂျာမန်ဘွန်ဒက်စ်လီဂါအတွေ့အကြုံရှိနည်းပြဖြစ်သောကြောင့် ဒေါ့မွန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်လိုနေကြောင်း သိရသည်။ **Ref;Fabrizio Romano**



# မြန်မာဘော်လီဘော လူမှုရေးအသင်း၏ ဒုတိယအကြိမ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမှုဆောင်ဖလား ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၂၅ ခုနှစ် မြန်မာဘော်လီဘော လူမှုရေးအသင်း၏ ဒုတိယအကြိမ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမှုဆောင်ဖလား ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာဘော်လီဘော လူမှုရေးအသင်း ဥက္ကဋ္ဌ ဦးရဲနိုင်၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသန်း၊ မြန်မာဘော်လီဘောအသင်းအမှုဆောင်များနှင့် အသင်းဝင်များ၊ ပြိုင်ပွဲဝင်အသင်းမှ အားကစားသမားများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့်ပြည်နယ်အမှုဆောင်ဖလား ဘော်လီဘော ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲတွင်ဆုရရှိကြသူများအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား အသက် ၅၀ နှစ်အထက် ဘော်လီဘောအသင်း ၁၀ သင်း၊ အမျိုးသမီး အသက် ၄၅ နှစ်အထက် ဘော်လီဘောအသင်းလေးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဇန်နဝါရီလ ၂၂ ရက်မှ ၂၅ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**သိန်းဝင်း**

# မြိတ်မြို့နယ် ဝန်ဖို့ကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်းရန်ပုံငွေများထုတ်ချေး

မြိတ် ဇန်နဝါရီ ၂၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တတိယအကြိမ်မြောက် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းရန်ပုံငွေများ ပြန်လည်ထုတ်ချေးခြင်းကို ဇန်နဝါရီလ ၂၅ ရက်က ကျောက်ဖျာကျေးရွာအုပ်စု ဝန်ဖို့ကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ကျောက်ဖျာကျေးရွာအုပ်စု ဝန်ဖို့ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားကြပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေ ငွေကျပ် ၃၁၅ သိန်းကို ဝန်ဖို့ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ကြီးကြပ်မှုဖြင့် ကျေးရွာကော်မတီဝင်များက ဝန်ဖို့ကျေးရွာ၌ CP ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် အစုအဖွဲ့လေးဖွဲ့ထံ ရန်ပုံငွေ ငွေကျပ် ၃၁၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ်တွင် ခရီးသွားဧည့်သည်ဝင်ရောက်မှု ၂၀၂၃ ခုနှစ်ကထက် ၂၆၀၀၀ ကျော် ပိုမိုဝင်ရောက်ခဲ့



ပဲခူး ဇန်နဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ်တွင် ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ၂၀၂၃ ခုနှစ်ကထက် ၂၆၀၀၀ ကျော် ပိုမိုဝင်ရောက်ခဲ့ပြီး ဝင်ငွေအားဖြင့် ငွေကျပ်သန်း ၈၀၀ ကျော် ပိုမိုရရှိခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ပဲခူးတိုင်းဒေသကြီး၌ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများနှင့် ထင်ရှားသောဘုရားစေတီပုထိုးများစွာတည်ရှိပြီး ခရီးသွားဧည့်သည်များ လာရောက်လေ့လာလည်ပတ်စရာနေရာများစွာရှိသော တိုင်းဒေသကြီးတစ်ခုဖြစ်သည်။ ခရီးသွားဧည့်သည်များသည် အများအားဖြင့် ကမ္ဘောဇသာဒီရွှေနန်းတော်၊ ရွှေမော်ဓောစေတီနှင့် ကျိုက်ပေါ်စေတီ စသည့်နေရာများသို့ လာရောက်လည်ပတ်ကြသကဲ့သို့ တခြားခရီးစဉ်ဒေသများကိုလည်း သွားလာလည်ပတ်ကြကြောင်း သိရသည်။

"ပဲခူးတိုင်းဒေသကြီးမှာ ၂၀၂၃ ခုနှစ်က ပြည်တွင်းခရီးသွားဧည့်သည် ၄၁၄၈၂၅ ဦးနဲ့ ပြည်ပခရီးသွားဧည့်သည် ၁၀၀၅၂ ဦး စုစုပေါင်း ခရီးသွားဧည့်သည် ၄၂၄၈၇၇ ဦး ဝင်ရောက်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်မှာတော့ ပြည်တွင်းခရီးသွားဧည့်သည် ၄၄၀၁၇၁ ဦးနဲ့ ပြည်ပခရီးသွားဧည့်သည် ၁၁၁၂၁ ဦး စုစုပေါင်းခရီးသွားဧည့်သည် ၄၅၁၂၉၂ ဦး ဝင်ရောက်ခဲ့ပါတယ်။ နှိုင်းယှဉ်မှုအရ ၂၀၂၄ ခုနှစ်မှာ ၂၀၂၃ ခုနှစ်ကထက် ပြည်တွင်းပြည်ပခရီးသွားဧည့်သည် စုစုပေါင်း ၂၆၃၁၅ ဦး ပိုမိုဝင်ရောက်ခဲ့ပြီး ဝင်ငွေအားဖြင့် ငွေကျပ် ၈၁၂ ဒသမ ၉၄ သန်းလောက် ပိုမိုရရှိခဲ့ပါတယ်"ဟု ပဲခူးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းဇော်ထွဋ်က ပြောသည်။

ပဲခူးတိုင်းဒေသကြီးကိုဖြတ်၍ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြသော ခရီးသွားဧည့်သည်များအား ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်နေရာများသို့လည်း ဝင်ရောက်လည်ပတ်ကြစေရန် ဆွဲဆောင်စည်းရုံးမှုများ ဆောင်ရွက်ခဲ့သောကြောင့် ခရီးသွားဝင်ရောက်မှုတိုးတက်လာခြင်းဖြစ်ကြောင်း၊ ထိုသို့လာရောက်လည်ပတ်ခဲ့သော ပြည်ပခရီးသွားဧည့်သည်များတွင် ထိုင်းနိုင်ငံမှအများဆုံးဖြစ်ပြီး အများအားဖြင့် Package Tour များဖြင့် လာရောက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# မြိတ်မြို့ကုန်စိမ်းဈေးသို့ အနယ်နယ်အရပ်ရပ်မှ ဝင်ရောက်လာသည့် ဘူးသီးများအရောင်းအဝယ်ကောင်းမွန်နေ



မြိတ် ဇန်နဝါရီ ၂၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စုရှိ ရှမ်းချောင်းကုန်စိမ်းဈေးသို့ အနယ်နယ်အရပ်ရပ်မှ ဝင်ရောက်လာသည့်ဘူးသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

လက်ရှိတွင် အနယ်နယ်အရပ်ရပ်မှ လှိုင်လှိုင်ထွက်ပေါ်လာသည့် ဘူးသီးများ မြိတ်မြို့ ရှမ်းချောင်းကုန်စိမ်းဈေးသို့ ကားများဖြင့် ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဝင်ရောက်လာသောဘူးသီးများမှာ အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအသီးသီး သတ်မှတ်ထားကြောင်း သိရသည်။

''လက်ရှိ ဈေးကွက်အတွင်းမှာတော့ ကုန်စိမ်းသီးနှံတွေက အရင်ကထက် ပိုမိုရောင်းအားကောင်းနေပါတယ်။ အခုက အနယ်နယ်အရပ်ရပ်က ထွက်ရှိလာတဲ့ ဘူးသီးတွေ လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ ဘူးသီးအရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိပါတယ်"ဟု ရှမ်းချောင်းကုန်စိမ်းဈေးမှ ကုန်စိမ်းရောင်းချနေသူတစ်ဦးကပြောသည်။


မြိတ်မြို့ ရှမ်းချောင်းကုန်စိမ်းဈေးသို့ အနယ်နယ်အရပ်ရပ်မှ ဘူးသီးများအပြင် ဖရုံ၊ ကျောက်ဖရုံ၊ ခရမ်း၊ ရုံးပတီ၊ သခွား၊ ပဲတောင့်ရှည်၊ မုန်လာဥ၊ မုန်ညင်း၊ ဆလတ်၊ ချဉ်ပေါင်၊ ကန်စွန်း၊ ငရုတ်သီးစိမ်း စသည့် ကုန်စိမ်းသီးနှံများ နေ့စဉ်နီးပါးဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဘူးသီးများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိသည့်အပြင် ဒေသဈေးကွက်အတွင်း သီးနှံဈေးနှုန်းတည်ငြိမ်ကျဆင်းစေပြီး ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

(၄၁၂)

# မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖမ်းဆီးရမိ





ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့်စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီလ ၂၃ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်သတင်းအရ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၈ လမ်း၊ ၄၀ x ၄၁ လမ်းကြားရှိ ဖူရီဟွ(၃၁)နှစ်၊ (ဘ)ဦးဖာချင်း၏ နေအိမ်ကိုရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water ၃ ကီလိုသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၅ နာရီအချိန် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၄၂ လမ်းနှင့် ၆၇(A)လမ်းထောင့်ရှိနေအိမ်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသူ ဖူရှီးရုံ(ခ)အားရှုန်း(၂၈)နှစ်၊ (ဘ)ဦးဖူဖာမိုအား ကက်တမင်း ၃ ဒသမ ၆ ကီလို၊ Happy Water ၈ ဒသမ ၆၃၅ ကီလို၊ အက်တက်စီဆေးပြား ၄၀ ပြား၊ Happy–5 ဆေးပြား ၁၅၀ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀ ပြား၊ အိုက်စ်(မက်သ်အဖက်တမင်း) ၅ ဂရမ်တို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့၍ မန္တလေးမြို့ပေါ်ရှိ KTV၊ BAR၊ CLUB နှင့် ENTERTAINMENT များတွင် ဖြန့်ဖြူးရောင်းချမည့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ Happy Water ၁၁ ဒသမ ၆၃၅ ကီလို၊ ကက်တမင်း ၃ ဒသမ ၆ ကီလို၊ အက်တက်စီဆေးပြား ၄၀ ပြား၊ Happy–5 ဆေးပြား ၁၅၀ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀ ပြားနှင့် အိုက်စ်(မက်သ်အဖက်တမင်း) ၅ ဂရမ်တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီလ ၂၅ ရက်နေ့တွင် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Nay Thu” Facebook အကောင့်၊ “Nay Thu” TikTok အကောင့်နှင့် “Nay Thu” YouTube အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရေဘုတ်ကျေးရွာနေ နိုင်လင်း(ခ) နေသူအား နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ချောင်းခွနယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၄၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့်မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၄၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၃၀ | ၃၂၄၅ | ၃၂၁၀ | ၃၀၄၅ | ၃၂၅၀ | ၃၂၆၅ | ၃၂၈၅ | ၃၂၀၀ | ၄၅၀၅ | ၃၄၉၅ | ၃၂၂၀ | ၃၂၂၀ | ၃၂၉၀ | ၃၂၅၅ | ၃၂၇၅ | ၃၅၃၅ | ၄၁၀၀ |
| 95 Ron | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | ၄၅၆၀ | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၈၆၅ | ၂၉၈၀ | ၂၉၄၅ | ၂၈၈၀ | ၂၉၈၅ | ၃၀၀၀ | ၃၀၂၀ | ၂၉၃၅ | - | ၃၂၃၀ | ၂၉၅၅ | ၂၉၅၅ | ၃၀၂၅ | ၂၉၉၀ | ၃၀၁၀ | ၃၂၇၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၁၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | ၄၈၃၀ | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |
| HSD (10 ppm) | ၃၁၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | - | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇–၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၅၇ | ၃၀၅၀ |
| 95 Ron | ၃၀၂၅ | ၃၁၁၉ |
| HSD (500 ppm) | ၂၇၀၁ | ၂၇၈၄ |
| HSD (50 ppm) | ၃၃၃၇ | ၃၄၃၃ |
| HSD (10 ppm) | ၃၃၃၇ | ၃၄၃၃ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
PADONMAR
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မှီစက်ကြီးများဖြင့်
အချောအသေးပြည့်မှီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၅၈၁ ၈၄၈ ၆၉၉၊ ၀၉ ၅၉၃ ၅၃၂ ၆၁၆


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း
(အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း
ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
INNWA BANK LIMITED
INNWA BANK
စာရင်းရှင်အပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
အချိန်ပိုင်းအပ်ငွေစာရင်း
ဘဏ်အာမခံလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု
နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER )
(၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ
ကိစ္စရပ်များအား လွယ်ကူလျှင်မြန်စွာ
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်အားလုံးအနေဖြင့် "အတ္တနှင့်ပရ" မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန် လိုအပ် . . .**

❖ **မိမိကိုယ်ကိုကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု တိုင်းပြည်အကျိုးပြု လုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန် လိုအပ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# တရုတ်နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲနှင့် ဈေးပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

တရုတ်နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲနှင့် ဈေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်လမ်းမကြီးပေါ်၌ ကျင်းပသည်။

အခမ်းအနားကို ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တရုတ်ဘာသာရေးဘုံကျောင်းများမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တရုတ်ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။



တရုတ်နှစ်သစ်ကူး ဈေးပွဲတော်တွင် အလှကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် အစားအသောက်မျိုးစုံကို စုံလင်စွာရောင်းချပေးလျက်ရှိသည့်အပြင် ရိုးရာခြင်္သေ့အက၊

**စာမျက်နှာ ၁၆ ကော်လံ ၅ ●**

ရောင်စုံပျံ့သင်းစာပန်းခင်း

လူငယ်နှင့်အောင်မြင်ရေး

## အောင်စိတ်နှင့်အောင်နည်း

ပိုမိုးနှင်း

စာ - ၁၁ သို့

## တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ကော့သောင်းမြို့၊ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

စာ - ၁၂ သို့

ဆောင်းပါး

## စာဖတ်ရှိန်မြှင့်တင်ရေး အလေးထားကြစေချင်

စာ - ၁၃ သို့


**ဝင်ငွေတိုးပွားရရှိဖို့ တစ်သျှူးငှက်ပျောစိုက်ကြစို့**

Tissue Culture ခေတ်ခွဲခန်းမှ ထုတ်လုပ်သော နေပြည်တော်ကျောက်စိမ်းဖီးကြမ်းတစ်သျှူးငှက်ပျောနှင့် သီးမွှေးတစ်သျှူးငှက်ပျော ပျိုးပင်များအား ဖုန်း-၀၃၆-၃၁၀၄၆၊ ၀၉-၄၀၀၄၅၀၃၃၉၊ ၀၉-၂၅၆၇၄၄၉၈၁ တို့သို့ ဆက်သွယ်မှာယူနိုင်ပါသည်။





OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ

FDA Approved No. Sa 5/21346/Hta la













Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar